နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ် – ၁၉ ကပ်ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ISBN 978-99986-970-8-9
9 789998 697089 >



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၂ ခုနှစ်၊ မေလ )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၂ ခုနှစ်၊ မေလ )

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

**ပုံနှိပ်မှတ်တမ်း**

----------

ပြန်ကြားရေးဝန်ကြီးဌာန
စာအုပ်အမှတ်စဉ် ( ၆၆/၂၀၂၂ )

**ထုတ်ဝေသည့်ခုနှစ်**
၂၀၂၂ ခုနှစ်၊ ဇွန်လ

**ထုတ်ဝေသည့်အကြိမ်**
ပထမအကြိမ်

**အုပ်ရေ**
၁၅၀၀ အုပ်

**ပုံနှိပ်**
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၂ ခုနှစ်၊ မေလ )

# မာတိကာ


| | | |
|---|---|---|
| – | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ် | ၅ |
| – | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ် | ၆ |

**မိန့်ခွန်းများ**

| | | |
|---|---|---|
| ၁။ | ကမ္ဘောဒီးယားဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN တို့ Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေးပြောကြားသည့်စကား | ၇ |
| ၂။ | မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV Media Worldwide Mobile Satellite Data Application Services MRTV App & Web စတင်ဖွင့်လှစ်ခြင်းအခမ်းအနားတွင် ပြောကြားသည့်အမှာစကား | ၉ |
| ၃။ | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၃/၂၀၂၂) တွင် ပြောကြားသည့်အမှာစကား | ၁၂ |
| ၄။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး အမှတ်စဉ် (၄/၂၀၂၂) တွင် ပြောကြားသည့်အမှာစကား | ၁၉ |
| ၅။ | နေပြည်တော်ကောင်စီနယ်မြေဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးတွင် ပြောကြားသည့်အမှာစကား | ၂၅ |
| ၆။ | ရှမ်းပြည်နယ်ပြန်လည်ထူထောင်ရေးကောင်စီ RCSS (SSA) အဖွဲ့ဥက္ကဋ္ဌ စဝ်ယွက်စစ်နှင့် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ တွေ့ဆုံဆွေးနွေးစဉ်ပြောကြားသည့်အမှာစကား | ၂၈ |
| ၇။ | မွန်ပြည်သစ်ပါတီ (NMSP) မှ ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်းနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များ တွေ့ဆုံဆွေးနွေးစဉ်ပြောကြားသည့်အမှာစကား | ၃၀ |
| ၈။ | ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေး ကောင်စီ) KNU/KNLA(PC) မှ ဥက္ကဋ္ဌ စောထော့လေး ဦးဆောင်သည့် ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့အားတွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များဆွေးနွေးစဉ် ပြောကြားသည့်အမှာစကား | ၃၂ |

၉။ မြန်မာ့သားကောင်းစစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်) တည်ဆောက်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား ၃၄

၁၀။ မြန်မာ့မီးရထားစက်ခေါင်းစက်ရုံ (အင်းစိန်) လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား ၃၆

၁၁။ ဆင္ဃသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး အကြီးစားပြင်ဆင်မွမ်းမံခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေအား ကြည့်ရှုစစ်ဆေးစဉ်ပြောကြားသည့်အမှာစကား ၃၉

၁၂။ ရန်ကုန်တိုင်းစစ်ဌာနချုပ် စိုက်ပျိုးမွေးမြူရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား ၄၁

၁၃။ “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ UWSP မှ ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကုနှင့် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ တွေ့ဆုံဆွေးနွေးစဉ်ပြောကြားသည့်အမှာစကား ၄၃

၁၄။ ၂၀၂၂ ခုနှစ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် ပြောကြားသည့်အမှာစကား ၄၅

၁၅။ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၂) တွင် ပြောကြားသည့်အမှာစကား ၄၉

## သဝဏ်လွှာများ

၁။ အလုပ်သမားနေ့အခမ်းအနားသို့ပေးပို့သောသဝဏ်လွှာ ၅၇

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ် – ၁၉ ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏
# ဦးတည်ချက် (၄) ရပ်

## ၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး၊

( ဂ ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက် လိုက်နာ ကျင့်သုံးရေး၊

## ၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

( ခ ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊

( ဂ ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

## ၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

( ခ ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊

( ဂ ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ကမ္ဘောဒီးယားဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN နှင့် Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေးပြောကြားသည့်စကား

( ၂ - ၅ - ၂၀၂၂ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN နှင့် မေလ ၂ ရက်နေ့ နံနက်ပိုင်းတွင် Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံတွင် PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်သတ်ဖြတ်မှုများနှင့် အကြမ်းဖက်လုပ်ရပ်များကြောင့် သံဃာတော်များနှင့် ဆရာ၊ ဆရာမများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ စသည့် ပြည်သူ့ဝန်ထမ်းများ၊ မိခင်နှင့်ကလေးငယ်များ အပါအဝင် အပြစ်မဲ့ပြည်သူများ သေဆုံးခဲ့ရပြီး အများအပြား ဒဏ်ရာရရှိခဲ့မှု၊ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးခြင်းများကြောင့် အစိုးရပိုင်အဆောက်အဦများ၊ ပုဂ္ဂလိကနှင့် ပြည်သူပိုင်အဆောက်အဦများစွာ ပျက်ဆီးဆုံးရှုံးခဲ့ရမှု၊ အကြမ်းဖက်လုပ်ရပ်များအပေါ် မိမိကိုယ်ကို ခုခံပိုင်ခွင့်အရ ကာကွယ်တုံ့ပြန်ရေးဆောင်ရွက်ရာတွင် တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် အပစ်အခတ်ရပ်စဲရေးကြေညာချက်အပေါ် လေးစားလိုက်နာဆောင်ရွက်လျက်ရှိမှု၊ တည်ဆဲဥပဒေ ချိုးဖောက်ထားသူများကို ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိသော်လည်း လူသားချင်းစာနာထောက်ထားမှုအရ လွတ်ငြိမ်းချမ်းသာခွင့်များပေးလျက်ရှိမှု၊ ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် အပစ်အခတ်ရပ်စဲရေး ကြေညာထားပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ငြိမ်းချမ်းရေးစားပွဲဝိုင်းသို့ ဖိတ်ခေါ်၍ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးမှုများဆောင်ရွက်လျက်ရှိမှု၊ **ဒေသအချို့တွင် ဖြစ်ပွားနေသည့် အကြမ်းဖက်မှုဖြစ်ရပ်များသည် NCA ကိုချိုးဖောက်လျက်ရှိပြီး ကျင့်ဝတ်များကို လိုက်နာမှုမရှိသည့် EAO များမှအရင်းခံ၍ ဖြစ်ပေါ်လျက်ရှိသည့်အခြေအနေ၊** ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တိုင်းရင်းသားလက်နက်ကိုင်များပါဝင်လာရေး အစိုးရမှ တစိုက်မတ်မတ် ကတိကဝတ်ထားရှိဆောင်ရွက်နေမှု၊ ပြည်သူများအားလုံး လိုလားတောင့်တသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်ရေးကို ဆောင်ရွက်သွားမည့်အခြေအနေ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေ၊ အာဆီယံမှပေးအပ်မည့် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ဖြန့်ဝေဆောင်ရွက်ပေးသွားမည့်အခြေအနေ၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်

မြန်မာနိုင်ငံသို့ထပ်မံလာရောက်နိုင်ရေး ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေ၊ ရွေးကောက်ပွဲဆိုင်ရာပြဿနာများကြောင့် ဖြစ်ပေါ်လာသည့် မြန်မာနိုင်ငံ၏ နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာ၍ တပ်မတော်က နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့ရမှုသည် ပြည်တွင်းရေးအခြေအနေဖြစ်သော်လည်း ဆက်စပ်နေသည့် ဒေသတွင်းအခြေအနေများကြောင့် အာဆီယံ၏ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေ၊ အာဆီယံဘုံသဘောတူညီချက် ၅ ရပ်အား အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေနှင့် တိုးတက်မှုရှိစေရေးဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ အာဆီယံနိုင်ငံများအတွင်း အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဆောင်ရွက်ရန်လိုအပ်သည့်အခြေအနေများနှင့် မြန်မာနိုင်ငံအနေဖြင့် အကောင်းဆုံးဖြစ်အောင် ဆက်လက်ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည့် အခြေအနေများကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့သည်။

■ ■ ■

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV Media Worldwide Mobile Satellite Data Application Services MRTV App & Web စတင်ဖွင့်လှစ်ခြင်းအခမ်းအနားတွင် ပြောကြားသည့်အမှာစကား

( ၄ - ၅ - ၂၀၂၂ )






ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV Media Worldwide Mobile Satellite Data Application Services MRTV App & Web စတင်ဖွင့်လှစ်ခြင်းအခမ်းအနားကို မေလ ၄ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာ (MICC-2)၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jean Phang နော်တောင်၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် ရုပ်သံကုမ္ပဏီများနှင့် FM ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသူများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဝန်ထမ်းများက “MRTV နှင့် ကောင်းသောနေ့” တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။ ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများက MRTV Mobile Application မှတ်တမ်း Video clip ကို ကြည့်ရှုကြသည်။

**ကြိုးပမ်းလုပ်ဆောင်နေ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်အစိုးရတာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်နေ့မှ စတင်တာဝန်ယူဆောင်ရွက်ခဲ့ပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအခြေခံမူများဖြစ်သည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၉)ရပ်ကိုချမှတ်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ သာယာဝပြောရေး၊ စားရေရိက္ခာပေါများရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများတိုးတက်ဖြစ်ထွန်းစေရန် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းလုပ်ဆောင်နေကြောင်း။

ထို့အပြင် ယခုနှစ်သည် စိန်ရတုလွတ်လပ်ရေးနေ့၏

အကြိုနှစ်ဖြစ်ခြင်းကြောင့် ငြိမ်းချမ်းရေးနှစ်ဟုသတ်မှတ်ပြီး (၇၅)နှစ်ကာလကြာပြီဖြစ်သည့် လွတ်လပ်ရေး၏အနှစ်သာရ အသီးအပွင့်များ၊ ဒီမိုကရေစီအုပ်ချုပ်ရေး၏အနှစ်သာရ များ၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု၏အရသာများ ကို တိုင်းရင်းသားပြည်သူညီအစ်ကိုမောင်နှမများ အပြည့် အဝမခံစားရသေးခြင်းကြောင့် အပြည့်အဝရရှိခံစားနိုင် စေရန် အစွမ်းကုန်ကြိုးစားဆောင်ရွက်နေသည်ကိုထည့်သွင်း ပြောကြားလိုပါကြောင်း။

**နိုင်ငံတော်နှင့်ပြည်သူ့အကျိုး ဦးထိပ်ထား**

မီဒီယာကဏ္ဍအနေဖြင့်လည်း ပြည်သူများအတွက် ဒီမိုကရေစီနှင့် ပတ်သက်သည့် အသိပညာ၊ အတွေးအခေါ် များရရှိစေရန်နှင့် လူငယ်လူရွယ်များအားလုံး ပညာရေး လမ်းကြောင်းပေါ်တွင် ကောင်းမွန်စွာရပ်တည်နိုင်ရန်၊ ခေတ် ပညာတတ်လူငယ်များ ဖြစ်စေရေးပံ့ပိုးပေးရန်၊ စေ့ဆော် တိုက်တွန်းပေးရန် လိုအပ်သလိုကျင့်ဝတ်သိက္ခာစောင့် ထိန်းပြီး နိုင်ငံတော်နှင့် ပြည်သူအကျိုးကို ဦးထိပ်ထားကာ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုး တက်အောင်ဖော်ဆောင်ပေးရန် လိုအပ်သည်ကိုလည်း ပြောကြားထားပြီးဖြစ်ကြောင်း။

သတင်းအချက်အလက်နည်းပညာ တိုးတက်နေသည့် ယခုလိုအချိန်တွင် သတင်းမီဒီယာများ၏ သက်ရောက် မှုသည် အလွန်ထိရောက်မှုရှိသည့်အတွက် နိုင်ငံကြီးအချို့၏ မဟာဗျူဟာများတွင် နိုင်ငံငယ်များ၏ မီဒီယာများကို နည်းလမ်းမျိုးစုံဖြင့် ချုပ်ကိုင်လွှမ်းမိုးနိုင်မည့်အစီအမံများ ပါဝင်နေသည့်အတွက် မိမိတို့အားလုံး ဉာဏ်အမြော်အမြင် များ၊ အသိတရားများဖြင့် လုပ်ဆောင်ကြရမည့် အချိန် အခါပင်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီလူ့အဖွဲ့အစည်းတစ်ရပ် တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုနိုင်မှု၊ ကောင်းမွန်သည့် အုပ်ချုပ်မှုစနစ်နှင့် ဖွံ့ဖြိုးတိုးတက်မှုတို့သည် မရှိမဖြစ်ရှိ နေရမည်ဖြစ်ပါကြောင်း၊ ထိုသို့ရှိရန်အတွက် သတင်းမီဒီယာ များ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးသည်ဟု ယူဆ မိပါကြောင်း။

သို့သော် တစ်ခါတစ်ရံတွင် နိုင်ငံရေး၊ စီးပွားရေးအင်အား ကြီးသည့်အုပ်စုများက မီဒီယာများကိုလွှမ်းမိုးခြယ်လှယ် ကြသည့်အခါ ပြည်သူလူထု၏ သဘောထားခံစားချက် များ၊ နစ်နာချက်များသည် ဖော်ထုတ်နိုင်မှုလုံးဝမရှိတော့ဘဲ လျစ်လျူရှုခံရသည့်အခြေအနေကို ရောက်မှန်းမသိရောက် ခဲ့ရပါကြောင်း၊ အဆိုးဆုံးမှာ ပဋိပက္ခများ၊ သဘောထား ကွဲပြားမှုများကို ပြေလျော့သွားအောင် လုပ်ရမည့်အစား မီးလောင်ရာလေပင့်တိုက်သကဲ့သို့ ပိုမိုအားကောင်းလာ အောင် လုပ်ပေးနေကြပါကြောင်း၊ ထိုသို့ အခြေအနေမျိုး ကို ဒီမိုကရေစီအသွင်ကူးပြောင်းစနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် အများအပြားတွေ့မြင်နေကြရပါကြောင်း။

ယနေ့အခြေအနေသည် မိမိတို့၏ လူ့အဖွဲ့အစည်း အားလုံးကို မီဒီယာက နည်းမျိုးစုံဖြင့် လွှမ်းမိုးထားချိန် ဖြစ် သည့်အတွက် မိမိတို့၏မီဒီယာလုပ်ငန်းအားလုံးကို စွမ်းအား ပြည့်အောင်၊ စွမ်းရည်မြင့်မားအောင် ဆောင်ရွက်ပေးရန် လိုအပ်နေပြီဟု တိုက်တွန်းပြောကြားလိုပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင် သံကြားအနေဖြင့်လည်း ၁၉၄၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်နေ့တွင် ရန်ကုန်ရေဒီယို (Rangoon Radio) အမည်မှ ဗမာအသံ(Burma Broadcasting Service– BBS) အမည် ပြောင်းလဲသတ်မှတ်ခဲ့သည့် "ဗမာအသံနေ့" ကို မှတည်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(Myanma Radio and Television–MRTV) အမည်သို့ ပြောင်းလဲလာခဲ့မှုနှင့်အတူ ခေတ်အဆက်ဆက်တွင် သတင်းအချက်အလက်ပြန်ကြား ပေးခြင်း၊ အသိပညာမျှဝေပေးခြင်း၊ ဖျော်ဖြေပေးခြင်းဆို သည့် ရည်မှန်းချက်(၃)ရပ်ချမှတ်ပြီး လုပ်ငန်းတာဝန်များ ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

> **သတင်းအချက်အလက်နည်းပညာ တိုးတက်နေသည့် ယခုလိုအချိန်တွင် သတင်းမီဒီယာများ၏ သက်ရောက်မှုသည် အလွန်ထိရောက်မှုရှိသည့်အတွက် နိုင်ငံကြီးအချို့၏ မဟာဗျူဟာများတွင် နိုင်ငံငယ်များ၏မီဒီယာများကို နည်းလမ်းမျိုးစုံဖြင့် ချုပ်ကိုင်လွှမ်းမိုးနိုင်မည့် အစီအမံများ ပါဝင်နေသည့်အတွက် မိမိတို့အားလုံး ဉာဏ်အမြော်အမြင်များ၊ အသိတရားများဖြင့် လုပ်ဆောင်ကြရမည့် အချိန်အခါပင်ဖြစ်။**

**မီဒီယာဖြင့်အကျိုးပြု**

ယနေ့အချိန်အခါမှာလည်း ပြောင်းလဲတိုးတက်နေသည့် နည်းပညာ၊ အတတ်ပညာများနှင့်အညီ သတင်းနှင့် အစီအစဉ်များ အရည်အသွေးပိုမိုကောင်းမွန်စေရန်နှင့် ပြည်သူလူထုကိုမီဒီယာဖြင့် အကျိုးပြုနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ နှပျိုသစ်လွင်ပြီး လန်းဆန်းတက်ကြွသည့် တင်ဆက်မှုပုံစံကိုလည်း ပြောင်းလဲဆောင်ရွက်နေသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၌ ၂၀၁၃ ခုနှစ်မှ စတင်ပြီး မိုဘိုင်းဖုန်းများအသုံးပြုမှု များပြားလာသည်နှင့်အတူ အင်တာနက်အသုံးပြုပြီး သတင်းရယူမှုပုံစံလည်း လျင်မြန်စွာ တိုးတက်ပြောင်းလဲလာခြင်းကြောင့် Social Media Platform များအသုံးပြုပြီး သတင်းမီဒီယာ ဖြန့်ချိခြင်းသည်လည်း လွန်စွာအရေးပါလာသည်ကို တွေ့မြင်ကြမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် MRTV အနေဖြင့် ၂၀၁၃ ခုနှစ်ကစပြီး MRTV Application ကို အသုံးပြုနိုင်ရေး ဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် Android Application အဖြစ်သာ ယာယီအသုံးပြုနိုင်ခဲ့ပြီး ကမ္ဘာတစ်ဝန်းကို ထုတ်လွှင့်နိုင်ခြင်းမရှိခဲ့သည်ကို သိရှိရပါကြောင်း၊ အခုအခါတွင် HD ရုပ်သံလိုင်းများနည်းတူ ဆက်သွယ်ရေးနည်းပညာများအသုံးပြုပြီး MRTV Media Application ကို ဆောင်ရွက်ထားခြင်းဖြစ်သည့်အတွက် Android နှင့် iOS ဖုန်းများပေါ်တွင် ကြည့်ရှုနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် Laptop, Desktop, iPad, Note Pad အားလုံးတွင်လည်း ကြည့်ရှုနိုင်မည်ဖြစ်သကဲ့သို့ Website တွင်လည်း MRTV ၏အစီအစဉ်များကို အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုနိုင်မည်ဖြစ်ပါကြောင်း။

**စီစဉ်ဆောင်ရွက်နေ**

MRTV App ကို ကမ္ဘာပတ်လမ်းကြောင်းပေါ်တွင်ရှိသည့် Mobile ဝန်ဆောင်မှုပေးနေသော နိုင်ငံတကာဂြိုဟ်တု (၄) လုံးကို ငှားရမ်းအသုံးပြုပြီး ထုတ်လွှင့်ပေးခြင်းဖြစ်သည့်အတွက် ပြည်ပနိုင်ငံများတွင်ရှိနေသည့် မြန်မာသံရုံး(၄၆)ရုံးက ကြည့်ရှုနိုင်ပြီဖြစ်သကဲ့သို့ နိုင်ငံပေါင်း (၁၈၁)နိုင်ငံမှ ကြည့်ရှုနိုင်ရန်လည်း စီစဉ်ဆောင်ရွက်နေသည်ဟု သိရပါကြောင်း။

ယင်းသို့ဆောင်ရွက်ရာတွင် မြန်မာဘာသာနှင့်

> **မီဒီယာများအနေဖြင့်လည်း ကျင့်ဝတ်သိက္ခာနှင့်အညီ ပြည်သူလူထုကို သတင်းအချက်အလက်များ မှန်မှန်ကန်ကန် ရရှိအောင် ဆောင်ရွက်ပေးကြခြင်းဖြင့် ပြည်သူ့အကျိုးပြုမီဒီယာများဖြစ်အောင် ရပ်တည်ဆောင်ရွက်ပေးကြရန် အသိပေးတိုက်တွန်းလို။**

သာမကဘဲ အင်္ဂလိပ်၊ စပိန်၊ ပြင်သစ်၊ ဂျာမဏီစသည့် နိုင်ငံ တကာဘာသာစကား (၅)မျိုးဖြင့် ထုတ်လွှင့်ပေးမည်ဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရ၏ဆောင်ရွက်ချက်များ၊ နိုင်ငံတော်၏ပကတိအခြေအနေမှန်များကိုတိုင်းရင်းသားပြည်သူများအနေဖြင့် အချိန်နှင့်တစ်ပြေးညီသိရှိနိုင်မည်ဖြစ်သည့်အပြင် နိုင်ငံတကာကိုလည်း ပိုမိုကျယ်ပြန့်စွာရောက်ရှိပျံ့နှံ့ သွားမည်ဖြစ်ပါကြောင်း။

ထိုသို့ ဆောင်ရွက်နိုင်မှုကြောင့် MRTV အနေဖြင့် ခေတ်အဆက်ဆက်တွင် တာဝန်ကျေပွန်ခဲ့သကဲ့သို့ ပြောင်းလဲတိုးတက်နေသည့်ပညာရပ်များနှင့်အညီ ပြုပြင်ပြောင်းလဲလိုက်ပါဆောင်ရွက်နိုင်သောကြောင့် သမိုင်းမှတ်တိုင်သစ်တစ်ခုကို စိုက်ထူနိုင်ခြင်းဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း နိုင်ငံတော်အစိုးရတာဝန်အရပ်ရပ်ကို ဆောင်ရွက်နေချိန်ကာလအတွင်း၌ ထူးခြားတိုးတက်ကောင်းမွန်ပြီး သိသာထင်ရှားသည့် အောင်မြင်မှုရလဒ်တစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းဖြစ်သည်ဟု ပြောကြားလိုပါကြောင်း။

မီဒီယာများအနေဖြင့်လည်း ကျင့်ဝတ်သိက္ခာနှင့်အညီ ပြည်သူလူထုကို သတင်းအချက်အလက်များ မှန်မှန်ကန်ကန်ရရှိအောင် ဆောင်ရွက်ပေးကြခြင်းဖြင့် ပြည်သူ့အကျိုးပြုမီဒီယာများဖြစ်အောင် ရပ်တည်ဆောင်ရွက်ပေးကြရန် အသိပေးတိုက်တွန်းလိုပါကြောင်း၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးအနေဖြင့်လည်း မြန်မာနှစ်ဆန်းအခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ အကျိုးကို လက်တွဲဆောင်ရွက်ခြင်းဖြင့် တစ်နိုင်ငံလုံးငြိမ်းချမ်းသာယာပါစေကြောင်း ဆန္ဒပြုဆုမွန်ကောင်းတောင်းလိုက်ပါကြောင်း ပြောကြားသည်။

■ ■ ■

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၂) တွင် ပြောကြားသည့်အမှာစကား

( ၅ - ၅ - ၂၀၂၂ )





ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၂) ကို မေလ ၅ ရက်နေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် ကာလတိုအတွင်း ဖြစ်သင့်ဖြစ်ထိုက်သည်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ တိမ်းစောင်းလျက်ရှိသည့် အုပ်ချုပ်ရေး၊ စီးပွားရေး၊ နိုင်ငံရေး စသည့် နယ်ပယ်များကို ပြန်လည်တည့်မတ်အောင် ဆောင်ရွက်၍ ပြည်သူများလိုလားသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ပြန်လည်လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း။

**အခက်အခဲများဖြစ်ပေါ်ခဲ့မှုနှင့် ဖြေရှင်းဆောင်ရွက်ခဲ့မှု**

၂၀၂၁ ခုနှစ်အတွင်း နိုင်ငံရေးအရ အခက်အခဲနှင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့်လည်း အခက်အခဲများဖြစ်ပေါ်ခဲ့ကြောင်း၊ အလားတူ ပြည်တွင်းလက်နက်ကိုင်များကိစ္စ အခက်အခဲများလည်းဖြစ်ပေါ်လာသဖြင့် အကျပ်အတည်း ၃ ခုကို ရင်ဆိုင်ဆောင်ရွက်ခဲ့ရကြောင်း၊ သို့ရာတွင် မိမိတို့နိုင်ငံကို ကောင်းမွန်စေလိုသည့်စိတ်မွေး၍ ပြည်သူလူထုနှင့်အစိုးရအဖွဲ့အဆင့်ဆင့်မှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခဲ့မှုများကြောင့် အခက်အခဲများကိုဖြေရှင်းနိုင်ခဲ့ပြီး လက်ရှိအခြေအနေသို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ မြန်မာပြည်သူလူထု၏ကူညီလိုသည့်စိတ်၊ လှူဒါန်းလိုသည့်စိတ်နှင့် ပူးပေါင်းဆောင်ရွက်လိုသည့်စိတ်များကြောင့် ကိုဗစ်-၁၉ ဆိုင်ရာအခက်အခဲများကို အောင်မြင်စွာဖြင့် ကျော်ဖြတ်နိုင်ခဲ့ကြောင်း၊ အလားတူ နိုင်ငံရေးအကျပ်အတည်း၊ လုံခြုံရေးဆိုင်ရာအကျပ်အတည်းနှင့် ကိုဗစ်-၁၉ ဆိုင်ရာအကျပ်အတည်းများကြားမှ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများ အောင်မြင်

အောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ခြင်းမှာ ပြည်သူများ၏ ဆောင်ရွက်မှုနှင့် ဒေသအလိုက် တာဝန်ရှိသူအဆင့်ဆင့်၏ ဆောင်ရွက်ခဲ့မှုများကြောင့်ဖြစ်ကြောင်း၊ အစိုးရနှင့်ပြည်သူလူထုအခက်အခဲဖြစ်ပေါ်စေရန်အတွက် ငွေကြေးသုံး၍ **လက်နက်၊ ခဲယမ်း၊ မိုင်း၊ ရိက္ခာ၊ ဆေးဝါးကူညီ**ဆောင်ရွက်နေသူများကိုလည်း ဖော်ထုတ်ပြီး အရေးယူဆောင်ရွက်နိုင်ခဲ့ကြောင်း။

**နိုင်ငံသားများနှင့် နိုင်ငံ့ဝန်ထမ်းများ၏ ဒီမိုကရေစီအခွင့်အရေး**

မိမိတို့နိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်း ပေါ်တွင် လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး နိုင်ငံသားအားလုံးတွင် ဒီမိုကရေစီအခွင့်အရေးများရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည်လည်း နိုင်ငံသားဖြစ်သည့်အတွက် ဒီမိုကရေစီအခွင့်အရေးရှိသော်လည်း နိုင်ငံတကာအတွေ့အကြုံများ၊ မိမိတို့နိုင်ငံ၏အတွေ့အကြုံများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏ တာဝန်ကို ထမ်းဆောင်နေချိန်တွင် ပါတီနိုင်ငံရေး ကင်းရှင်းရန်လိုအပ်ကြောင်း၊ နိုင်ငံ့ ဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်အလျောက် တာဝန်ထမ်းဆောင်၍ ပြည်သူများအနေဖြင့်လည်း ပြည်သူတစ်ဦးအနေဖြင့် တိကျစွာလိုက်နာနေထိုင်မည်ဆိုပါက မိမိတို့နိုင်ငံ၏ ဒီမိုကရေစီအုပ်ချုပ်ရေးယန္တရားကောင်းမွန်လာမည်ဟုယုံကြည်ကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် ပြည်သူလူထုမှ ဒီမိုကရေစီအခွင့်အရေးများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိ၍ လုပ်ငန်းများဆောင်ရွက်နိုင်ရေး ဦးဆောင်မှုပေးကြရန် လိုကြောင်း။

**ပြည်တွင်း၌ PDF အမည်ခံ အကြမ်းဖက်သမားများက အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်နေမှုနှင့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများမှ ပါဝင်ပတ်သက်နေမှု**

အကြမ်းဖက်ကိစ္စများတွင် NUG မှ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ကိုဖွဲ့စည်းခဲ့ပြီး ပြည်တွင်းပြည်ပရှိ အကြမ်းဖက်မှုကိုလိုလားသော အဖွဲ့အစည်းများ၏ အားပေးအားမြှောက်ပြုခြင်းကြောင့် အကြမ်းဖက်လုပ်ရပ်များ ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း၊ ပြည်တွင်းအဖွဲ့အစည်းများတွင် NCA ကိုချိုးဖောက်ကာ ကျင့်ဝတ်များကို လိုက်နာမှုမရှိသည့် အချို့ EAO များပါဝင်သည်ကို တွေ့ရှိရကြောင်း၊ ၎င်းတို့၏လုပ်ရပ်များကြောင့် နိုင်ငံအတွင်းဆူပူဆန္ဒပြမှုများမှတစ်ဆင့် အကြမ်းဖက်မှုအဆင့်သို့ ရောက်ရှိလာခြင်း ဖြစ်ကြောင်း၊ နိုင်ငံတကာတွင် ဆန္ဒပြမှုနှင့်ဆူပူမှုများရှိသော်လည်း မိမိတို့နိုင်ငံတွင် အကြမ်းဖက်မှုများအထိဖြစ်ပေါ်ခဲ့ကာ ယင်းဖြစ်စဉ်များမှာ အချို့ EAO များနှင့် ပြည်ပအဖွဲ့အစည်းများကြောင့် ပေါ်ပေါက်လာခြင်းဖြစ်ပြီး အကြမ်းဖက်သတ်ဖြတ်ခြင်း၊ တိုက်ခိုက်ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်းများကို PDF အကြမ်းဖက်များက လုပ်ဆောင်လာခြင်းဖြစ်ကြောင်း၊ အချို့သောအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များက PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအတွက် လိုအပ်သည့်ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများနှင့် လက်နက်ခဲယမ်းမီးကျောက်များကို ထောက်ပံ့နေသည်ကိုတွေ့ရှိရပြီး အချို့ကိုဖော်ထုတ်ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးဖြစ်စဉ်ကိုအသုံးချ၍ အကြမ်းဖက်မှုဖြစ်စဉ်များ ဖြစ်ပေါ်လာခြင်းဖြစ်ပြီး လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်မတော်နှင့်သက်ဆိုင်ရာအဖွဲ့အစည်းများ အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ အချို့အဖွဲ့အစည်းများသည် အကြမ်းဖက်မှုကို လက်ခံမှုမရှိသည်ကိုတွေ့ရှိရကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ပြောကြားရာတွင် **“ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ ၁၂ ရက်နေ့က စိန်ရတုပြည်ထောင်စုနေ့ဖြစ်ပါတယ်။ စိန်ရတုပြည်ထောင်စုနေ့ကနေပြီးတော့ လာမယ့် ဇန်နဝါရီ ၄ ရက်ဆိုရင် စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်လာပြီ၊ ၁၉၄၇ က စာချုပ်ချုပ်ခဲ့တဲ့ ပင်လုံစာချုပ်အရဖြစ်လာတဲ့ ပြည်ထောင်စုနေ့။ ဒီအပေါ်မှာ အဓိပ္ပါယ်အမျိုးမျိုးဖွဲ့ဆိုပြီးတော့မှ တောင်းဆိုချက်အမျိုးမျိုးကြောင့်ဖြစ်လာတဲ့ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခဟာ ၇၅ နှစ်တာ ကာလရောက်လာပြီ။ ဒီလိုပဲ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးတဲ့အချိန်မှာ စတာတော့ နိုင်ငံရေးသဘောထားကွဲလွဲမှု၊ ဒါ ကွန်မြူနစ်ကနေပြီးတော့ လွတ်လပ်ရေးဆိုတာ တိုက်မှရတယ်ဆိုတာ။ အဲ့ဒါကနေပြီးတော့ ၁၉၄၈ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှာ တောခိုတာကစပြီးတော့ ကွန်မြူနစ်လက်နက်ကိုင်ပဋိပက္ခကနေစခဲ့တာသည် ပြည်တွင်းမှာလက်နက်ကိုင်ပဋိ**

ပကမ္ဘာတွေဖြစ်လာခဲ့တာ။ အဲဒီမှာ နောက်တစ်ခါ တိုင်းရင်းသားရေးရာအခြေအနေတွေ ဆိုးလာတဲ့အခါမှာ နောက်ဆုံး တပ်မတော်မှာရှိတဲ့ အဖွဲ့အစည်းတွေတောင်မှ တချို့တောခိုတဲ့အဆင့်ရောက်လာတယ်။ တာဝန်ရှိတဲ့သူတွေ ကျွန်တော်တို့ အနားပေးခဲ့ရတာတွေရှိပါတယ်။ အဲ့ဒီရဲ့ ဇစ်မြစ်က ခုထိကျွန်တော်တို့ အကင်းမသေသေးပါဘူး။ ဒါကိုကျွန်တော်တို့က ဖြေရှင်းနိုင်ဖို့အတွက် ခေတ်အဆက်ဆက်လည်း ကြိုးစားခဲ့တယ်။ ဦးနု နိုင်ငံရေးတာဝန်ယူတဲ့အချိန်မှာလည်း ငြိမ်းချမ်းရေးဖိတ်ခေါ်မှုတွေလုပ်ခဲ့တာတွေရှိတယ်။ အောင်မြင်တာတွေရှိသလို မအောင်မြင်တာတွေလည်းရှိတယ်။ လူတွေထောင်နဲ့ချီပြီး လက်နက်စွန့်လွှတ်ခဲ့တာတွေလည်းရှိတယ်။ ဒါတွေကို မှတ်တမ်းထဲမှာပြန်ကြည့်လို့ရှိရင် တွေ့ပါလိမ့်မယ်။ အဲ့ဒီတော့ ဗိုလ်ချုပ်ကြီးနေဝင်းတို့ တာဝန်ယူတဲ့အချိန်မှာလည်း ငြိမ်းချမ်းရေးကမ်းလှမ်းမှုတွေ လုပ်ခဲ့ပါတယ်။ အဲ့ဒီမှာ ထင်ရှားတဲ့၊ သမိုင်းမှာ ပုံလေးတစ်ပုံ ရှိပါတယ်။ သူတို့ "ကျောခိုင်းသွားကြလေပြီ" ဆိုတဲ့ပုံလေးနဲ့ ပေါက်ခေါင်းဘက်မှာ ဗကပတွေ ချောင်းကိုဖြတ်ပြီး ပြန်ထွက်သွားတဲ့ပုံက သမိုင်းမှာအင်မတန်ထင်ရှားတဲ့ သာဓကတစ်ခု ဖြစ်ခဲ့တယ်။ အဲ့ဒီတော့ မူဆိုးစောဟန်သာမွေး ဦးဆောင်တဲ့ KNC အဖွဲ့နဲ့ပဲ ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ ဒါ တော်လှန်ရေးကောင်စီ၊ ပြီးလို့ရှိရင်ကျွန်တော်တို့ လမ်းစဉ်ပါတီခေတ်မှာလည်း ဦးနေဝင်းတို့ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး အများကြီးကမ်းလှမ်းခဲ့တာရှိတယ်။ မအောင်မြင်ခဲ့ပါဘူး။ တပ်မတော်အစိုးရတက်တဲ့အချိန်မှာတော့ ၁၉၈၉ ခုနှစ်မှာ ကျွန်တော်တို့က တစ်နိုင်ငံလုံး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ငြိမ်းချမ်းရေးအနေနဲ့ ပစ်ခတ်တိုက်ခိုက်မှုကို ရပ်လိုက်တယ်။ စာချုပ်မချုပ်နိုင်ဘူး၊ Gentlemen aggrement တွေပဲယူခဲ့တာ။ UWSA "ဝ"အဖွဲ့တို့၊ မိုင်းလားအဖွဲ့တို့၊ ဟိုဘက်က ဦးစခုံတိန့်ယိမ်းတို့၊ အထူးဒေသ ၁ တို့၊ ၂ တို့၊ ၃ တို့ ဒါတွေ အများကြီးရှိခဲ့တယ်။ ငြိမ်းချမ်းရေးစာချုပ်မချုပ်နိုင်ခဲ့ဘူး၊ ဒီဘက်ခေတ် ၂၀၁၅ ခုနှစ်မှာ၊ ဦးသိန်းစိန်တို့ လက်ထက်မှာ NCA စာချုပ်ချုပ်တဲ့အထိ ကျွန်တော်တို့ရောက်လာခဲ့တယ်။ လုံးလုံးလျားလျားပြီးလားဆိုတော့ မပြီးပါဘူး။ ၂၀၁၆ ကနေပြီးတော့ ၂၀၂၀ ထိမှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁ ရာစု) ပင်လုံလုပ်ခဲ့ပါတယ်။ လာမယ့် လွှတ်လပ်ရေးနေ့ဟာ စိန်ရတုဖြစ်လာပြီ။ ကျွန်တော်တို့ ခုထိတိုင်းပြည်လည်း မငြိမ်းချမ်းဘူး။ ဒီမိုကရေစီအခွင့်အရေးကလည်း မခံစားရဘူး။ လွတ်လပ်ရေးရဲ့ အသီးအပွင့်လည်း မခံစားရဘူး။ ဒီလိုဖြစ်တဲ့အချိန်မှာ ဒါကြောင့် ကျွန်တော် ဒီနှစ်ကို ငြိမ်းချမ်းရေးနှစ်ရအောင် ကြိုးစားကြည့်မယ်ဆိုပြီးတော့ မနှစ်ကစပြီး ပြောခဲ့ပါတယ်။ ဒီနှစ်မှာလည်း ပြီးခဲ့တဲ့ ဧပြီလ ၂၂ ရက်နေ့က ငြိမ်းချမ်းရေးဖိတ်ခေါ်မှုတွေ ကျွန်တော်ပြုလုပ်ခဲ့ပါတယ်။ ကျွန်တော်တို့ ငြိမ်းချမ်းရေးတစ်ခု ဖိတ်ခေါ်လိုက်ပြီဆိုလို့ရှိရင် သူတို့တိုင်ပင်ပါရစေဦး၊ ဟိုလူကတစ်မျိုး၊ ဒီလူကတစ်မျိုးနဲ့ပေါ့။ အဖွဲ့အစည်းအတွင်းမှာလည်း အမျိုးမျိုးပေါ့၊ ခေါင်းဆောင်ကတစ်မျိုး၊ အဖွဲ့ဝင်ကတစ်မျိုး ဒီလိုဖြစ်နေကြတယ်။ တချို့ကျတော့လည်း လက်ခံတဲ့အဖွဲ့အစည်းလည်း ရှိပါတယ်။ ကျွန်တော်တို့ကတော့ ဘယ်သူ့သတင်းပို့ဖို့လိုပါသေးတယ်၊ ဘယ်ကော်မတီရဲ့ ဆုံးဖြတ်ချက်ရှိဖို့ လိုပါသေးတယ် စသည်ဖြင့် ဒီလိုမျိုး မျိုးစုံရှိနေတော့ ရိုးရိုးရှင်းရှင်းလေးပဲ ခင်ဗျားတို့ ကျွန်တော်ငြိမ်းချမ်းရေးဖိတ်ခေါ်တယ်။ ခေါင်းဆောင်တွေကိုယ်တိုင်၊ အဖွဲ့အစည်းများရဲ့ ခေါင်းဆောင်တွေကိုယ်တိုင် ကျွန်တော်တွေ့ပါမယ်။ တစ်ဖွဲ့ချင်း ကျွန်တော် တွေ့မယ်။ ခေါင်းဆောင်တွေကိုယ်တိုင် တစ်ဖွဲ့ချင်းတွေ့ပါမယ်။ အဲ့ဒီခေါင်းဆောင်တွေ လာတဲ့အခါမှာလည်း တိုင်ပင်လို့ရအောင် အဖွဲ့ဝင်နှစ်ယောက်နဲ့လာခဲ့ပါ။ ပထမဦးဆုံးကျွန်တော်စတွေ့မယ်၊

> နိုင်ငံ့ဝန်ထမ်းများအနေဖြင့်
> မိမိတို့တာဝန်အလျောက်
> တာဝန်ထမ်းဆောင်၍
> ပြည်သူများအနေဖြင့်လည်း
> ပြည်သူတစ်ဦးအနေဖြင့်
> တိကျစွာလိုက်နာနေထိုင်မည်
> ဆိုပါက မိမိတို့နိုင်ငံ၏ ဒီမိုကရေစီ
> အုပ်ချုပ်ရေးယန္တရား
> ကောင်းမွန်လာမည်ဟုယုံကြည်။

မြေသယံဇာတများကို
သီးထပ်သီးနှံများ စိုက်ပျိုးနိုင်မည်ဆိုပါက
ထုတ်ကုန်နှစ်ဆတိုးတက်လာမည်ဖြစ်၊
အဓိကသီးနှံဖြစ်သည့် စပါး၊ ပဲမျိုးစုံနှင့်
ဆီထွက်သီးနှံများကို စိုက်ပျိုးနိုင်ရန်လို၊
တစ်ရာသီသာ စိုက်ပျိုးသည့်
မြေနေရာများတွင် ဆီထွက်သီးနှံများကို
သီးထပ်အနေဖြင့်စိုက်ပျိုးနိုင်မည်ဆိုပါက
ပြည်တွင်းဆီလိုအပ်မှုကို
များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပြီး
ပြည်ပမှဆီတင်သွင်းမှုများကို
လျှော့ချနိုင်မည်ဖြစ်။

တွေ့ပြီးလို့ရှိရင်ကျွန်တော်က နိုင်ငံတော်စီမံခန့်ခွဲရေးကောင်စီအဖွဲ့ဝင် ၃ ယောက်နဲ့ ဖွဲ့စည်းထားတဲ့ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တွေနဲ့ တစ်ဖွဲ့ချင်းဆွေးနွေးမယ်။ တစ်ဖွဲ့ချင်းဆွေးနွေးပြီး အဲ့ဒီအပေါ်မှာရအောင် ကျွန်တော်တို့ရှင်းလင်းပြောမှာပေ့ါ။ သူတို့လိုချင်တာကိုလည်း ကျွန်တော်တို့တတ်နိုင်သလောက် ညှိနှိုင်းဆောင်ရွက်မှာပါ။ ဒါကတော့တစ်ဖက်တည်းကနေပြီးတော့ တင်းနေလို့မရပါဘူး။ တစ်ဖွဲ့နဲ့တစ်ဖွဲ့ ညှိနှိုင်းဖြေရှင်းရမှာပါ။ သို့သော်လည်းပဲ ကျွန်တော်တို့သည် တစ်အချက်က ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်မှာတော့ ကျွန်တော်တို့က ဖြစ်အောင်သွားရမယ်။ ကျွန်တော်တို့သွားချင်တာ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်နဲ့ ဒီမိုကရေစီ နိုင်ငံတော်သွားချင်တာ။ ဒါ ပြည်သူတစ်ရပ်လုံးက လိုချင်တဲ့ ဆန္ဒပဲ။

အဲ့ဒီတော့ ပြန်ကြည့်လို့ရှိရင်လည်း ကျွန်တော်တို့အုပ်ချုပ်မှုပုံစံသည် ဆင့်ကဲဆင့်ကဲအုပ်ချုပ်မှု၊ ခွဲဝေပေးတဲ့အုပ်ချုပ်မှုစနစ်ပုံစံမျိုးနီးပါးပဲလုပ်တာကို ကျွန်တော်တို့တွေ့ပါတယ်။ ဒါကြောင့် ကျွန်တော်တို့က မြန်မာနိုင်ငံနဲ့သင့်တော်တဲ့ ဖက်ဒရယ်အုပ်ချုပ်မှုစနစ်ကို သွားတာပိုကောင်းလိမ့်မယ်ဆိုတာကို ဖော်ထုတ်လို့ရတယ်။ ဒါကြောင့် ကျွန်တော်တို့က ဒါတွေကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ သေချာနားလည်အောင်ရှင်းလင်းပြပြီးလို့ရှိရင် သူတို့ဘယ်လိုဖြစ်ချင်တာလဲ၊ ကျွန်တော်တို့က ဘယ်လို၊ တိုင်းပြည်အခြေအနေဒီလိုရှိတယ်၊ ရှင်းလင်းကြမယ်၊ တွေ့ကြမယ်။ သူတို့ပြောတာကျွန်တော် နားထောင်ပေ့ါမယ်။ အကုန်လုံး၊ နားထောင်ပြီးရင်လည်း ဖြစ်သင့်ဖြစ်ထိုက်တာကို ဆန္ဒနဲ့ဘဝနဲ့ ဒီလိုပြန်ပြီးတော့ ကြည့်ရမယ်။ ဒါငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး။ ဒါကြောင့် ကျွန်တော်ကမ်းလှမ်းထားတာရှိပါတယ်” ဟု ပြောကြားသည်။

**တိုင်းပြည်တိုးတက်အောင် ဆောင်ရွက်နေရန်လိုအပ်မှု**

ဆက်လက်၍ ကမ္ဘာကြီး၏ တိုးတက်မှုသည် (Moving Forward) ဖြင့် သွားနေခြင်းဖြစ်ပြီး မိမိတို့တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲမပြတ်ကြိုးပမ်းဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့်နိုင်ငံအချို့တွင် ပြည်တွင်းကုန်ထုတ်လုပ်မှုများကျဆင်းခဲ့သော်လည်း မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများဖြင့် ထုတ်ကုန်များကို တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ နိုင်ငံ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့မှအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး ဝင်ငွေရှိစေရေးအတွက်ရှိပြီးသားမြေပေါ်မြေအောက်သယံဇာတများနှင့် လူသားအရင်းအမြစ်များကို ထိထိရောက်ရောက်အသုံးချရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို အခြေခံဆောင်ရွက်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်၍ ပြည်တွင်းပြည်ပဈေးကွက်များတွင် ရောင်းချနိုင်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် မိမိတို့နိုင်ငံ၏ အခြေခံကုန်ထုတ်လုပ်မှု လုပ်ငန်းပင်ဖြစ်သဖြင့်အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်ကြရန်လိုကြောင်း။

**နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရန်လိုအပ်မှု**

နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်သည်မရှိမဖြစ်လိုအပ်ချက်ဖြစ်ပြီး ယခင်နှစ်များတွင် သာမကယခုနှစ်တွင်လည်း လျှပ်စစ်လိုအပ်ချက်များရှိခဲ့ကြောင်း၊ အဓိကအားဖြင့် သွင်းအားစုများဖြစ်သည့် ဒီဇယ်၊ ကျောက်မီးသွေးနှင့်ဓာတ်ငွေ့များရှားပါးခြင်းနှင့် ဈေးနှုန်းမြင့်တက်

လာမှုများကြောင့် ဖြစ်ကြောင်း၊ အဆိုပါ အခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအဖွဲ့အနေဖြင့် စက်သုံးဆီသုံးစွဲမှုလျှော့ချရေးနှင့် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးအတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**လုပ်ငန်းများတိုးတက်အောင်ဆောင်ရွက်ရန်လိုအပ်မှု**

မိမိတို့နိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းများစွာရှိသော်လည်း လုပ်ငန်းများ အပြည့်အဝဆောင်ရွက်မှုမရှိသည်ကိုတွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံတွင် အသားတင်စိုက်ဧက ၃၃ သန်းကျော်ရှိသော်လည်း သီးထပ်သီးနှံစိုက်ပျိုးခြင်းနည်းပါးပြီး တစ်ရာသီသာစိုက်ပျိုးသည့်မြေဧကများပိုမိုများပြားကြောင်း၊ မြေသယံဇာတများကို သီးထပ်သီးနှံများ စိုက်ပျိုးနိုင်မည်ဆိုပါက ထုတ်ကုန်နှစ်ဆတိုးတက်လာမည်ဖြစ်ကြောင်း၊ အဓိကသီးနှံဖြစ်သည့် စပါး၊ ပဲမျိုးစုံနှင့်ဆီထွက်သီးနှံများကို စိုက်ပျိုးနိုင်ရန်လိုကြောင်း၊ တစ်ရာသီသာစိုက်ပျိုးသည့်မြေနေရာများတွင် ဆီထွက်သီးနှံများကို သီးထပ်အနေဖြင့် စိုက်ပျိုးနိုင်မည်ဆိုပါက ပြည်တွင်းဆီလိုအပ်မှုကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပြီး ပြည်ပမှဆီတင်သွင်းမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးအတွက် လိုအပ်သည့်ရေနှင့် သွင်းအားစု များရရှိအောင်လည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးကို အခြေခံသည့် အချို့ထုတ်ကုန်ပစ္စည်းများသည် တိရစ္ဆာန်အစားအစာများပြန်လည်ရရှိပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ အပြန်အလှန်အကျိုးပြုမည်ဖြစ်သည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုများပြားလာမည်ဖြစ်ကြောင်း။

**ပြည်တွင်း၌အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရန်လိုအပ်မှု**

မိမိတို့နိုင်ငံ၌ ၂၀၁၉ ခုနှစ်တွင် ကောက်ယူခဲ့သောသန်းခေါင်စာရင်းအရ အမျိုးသမီးလူဦးရေသည် တစ်နိုင်ငံလုံးလူဦးရေ၏ ၅၃ ရာခိုင်နှုန်းရှိပြီး ၈၀ ရာခိုင်နှုန်းခန့်သည် မိခိုများဖြစ်သည်ကိုတွေ့ရှိရကြောင်း၊ အမျိုးသားများတွင်လည်း စိုက်ပျိုးရာသီချိန်ပြင်ပ၌ အခြားလုပ်ငန်းဆောင်ရွက်သူများ နည်းပါးသည့်အတွက် လူ့စွမ်းအားအရင်းအမြစ်များဆုံးရှုံးလျက်ရှိကြောင်း၊ ၎င်းတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး အစိုးရမှဖန်တီးပေးနိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် တက္ကသိုလ်မှဘွဲ့ရပြီးသူ ၃ သန်းခန့်ရှိကြောင်း၊ အဆိုပါတက္ကသိုလ်ဘွဲ့ရပြီးသူများအနေဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် အလယ်အလတ်လုပ်ငန်းများတွင် တတ်မြောက်ထားသည့် ပညာနှင့်လျော်ညီစွာ ပါဝင်ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို နိုင်ငံအနှံ့အပြား၌ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ များပြားလာမည်ဆိုပါက ပြည်ပသို့သွားရောက် လုပ်ကိုင်မှုများ နည်းပါးသွားမည်ဖြစ်ပြီး နိုင်ငံအတွက် လုပ်အားဆုံးရှုံးမှုများနည်းပါးသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံမှစ၍ ဆောင်ရွက်ရမည်ဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ဝန်ကြီးချုပ်များအနေဖြင့် ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန်လိုကြောင်း။

**ပြည်တွင်းစီးပွားရေးတိုးတက်အောင်ဆောင်ရွက်ရန်အတွက် ပြည်တွင်းထုတ်လုပ်မှုများ မြှင့်တင်ရန်လိုအပ်မှု**

မိမိတို့အနေဖြင့် ယခုအခါကုန်သွယ်မှုပိုငွေပြနေသည်မှာ ၉ လရှိပြီဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်တွင် ပြည်တွင်း၌ထုတ်လုပ်မှုထက် ပြည်ပမှတင်သွင်းမှုများကို ဦးစားပေးဆောင်ရွက်ခဲ့မှုအတွက် ကုန်သွယ်မှုလိုငွေများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် ပြည်တွင်း၌ စားကုန်၊ သောက်ကုန်နှင့် သုံးကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန် အစိုးရအဖွဲ့က ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့်ဝင်ငွေများရရှိရေး၊ အခွန်အခများအားလုံးမှန်မှန်ကန်ကန်ရရှိရေး၊ နိုင်ငံပိုင်လုပ်ငန်းများ အောင်မြင်မှုရရှိရေး သက်ဆိုင်ရာတာဝန်ရှိသူများက စနစ်တကျ ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်က ထိုက်သင့်သည့်ဝင်ငွေများရှိမှသာ ပြည်သူများ၏အကျိုးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် ဝင်ငွေနှင့်ထွက်ငွေ မျှတအောင်ဆောင်ရွက် ရန်လည်း လိုကြောင်း၊ ပြောင်းလဲနေသည့်ခေတ်နှင့်လိုက်လျောညီထွေဖြစ်စေရန်အတွက် ပြည်သူများ၏ လူနေမှုစနစ်များမြှင့်တင်နိုင်ရေးအတွက် လိုအပ်သည့်ဘိလပ်မြေများနှင့် သံမဏိများ ပြည်တွင်း၌လုံလောက်စွာ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊

**တိုင်းဒေသကြီးနှင့် ပြည်နယ်ငါးခုတွင်** ဘိလပ်မြေနှင့် သံမဏိများ ထုတ်လုပ်နိုင်သည့် အခြေခံကုန်ကြမ်းများ များစွာရှိသဖြင့် ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်ရေး တိုင်းရင်းသားလုပ်ငန်းရှင်များဖြင့် ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်ရန် အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခြင်းဖြင့် ပြည်ပမှတင်သွင်းမှုများ လျှော့ချနိုင်ပြီး ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူအသုံးပြုနိုင်မည်ဖြစ်သဖြင့် လူနေမှုစနစ်များ ပြောင်းလဲသွားမည်ဖြစ်ကြောင်း၊ အလားတူသွပ်ပြားထုတ်လုပ်မှုကိုလည်း ပြည်တွင်း၌ဆောင်ရွက်၍ ရနိုင်သည်ကို လေ့လာတွေ့ရှိရကြောင်း၊ ပြည်တွင်း၌လိုအပ်သည့်ကော်ဇော၊ ရာဘာနှင့် ကတ္တရာကဲ့သို့ပစ္စည်းများကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ မြန်မာနိုင်ငံနှင့်ကိုက်ညီသည့် စက်မှုလုပ်ငန်းများဆောင်ရွက်၍ ထုတ်ကုန်များထုတ်လုပ်နိုင်ရန်အတွက် ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ အစိုးရတစ်ရပ်သည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် တာဝန်ရှိသဖြင့် ချင့်ချိန်ဆောင်ရွက်ကြရန်လိုကြောင်း။

**နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များ ပေါ်ထွက်ဝရန်လိုအပ်မှု**

အခြေခံပညာကျောင်းများ အောင်စာရင်းထွက်ပြီး တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းသည်လည်း သတ်မှတ်ကာလအတွင်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် သတ်မှတ်ကာလအတွင်း အဆင့်မြင့်နှင့် အခြေခံ ပညာကျောင်းများ ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ပြီး လာမည့်ပညာသင်နှစ်အတွင်း ပညာရေးကို အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ပညာရေးအရ အားနည်းခဲ့သည်များရှိကြောင်း၊ မိမိတို့နိုင်ငံလူဦးရေ၏ တစ်ဝက်နီးပါးခန့်သည် ပညာရေးအားနည်းလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ပညာတတ်များပေါ် ထွက်ဝမှသာ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အောင် မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ် ကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအနေဖြင့် ပညာသင်ကြားမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများ များစွာပြုလုပ်ထားကြောင်း၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရေးဝန်ကြီးဌာနသာမက အခြားဝန်ကြီး ဌာနများကလည်း ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ကြရန်လိုကြောင်း။

**လုပ်ငန်းများအောင်မြင်စေရေး ဆောင်ရွက်ရန်လိုအပ်မှု**

လုပ်ငန်းတစ်ခုအောင်မြင်ရေးအတွက် လူမှုဆက်ဆံရေးသည် အရေးကြီးကြောင်း၊ တိုင်းပြည်နှင့် ပြည်သူကိုကိုယ်စားပြုသည့် အစိုးရတစ်ရပ်အဖြစ်ခံယူ၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ အဆင့်ဆင့်သော အစိုးရဝန်ထမ်းများ ပြည်သူ့ဆက်ဆံရေးကောင်းမွန်ရန်အတွက် ကြပ်မတ်ဆောင်ရွက်ပေးရန်လိုကြောင်း၊ လုပ်ငန်းများအောင်မြင်မှုရရှိရေး မိမိလက်အောက်မှ လိုက်ပါပူးပေါင်းဆောင်ရွက်နိုင်ရန် ကောင်းမွန်သည့် ခေါင်းဆောင်မှုပေးနိုင်ရန်လိုသကဲ့သို့ တည်တည်ကြည်ကြည်ဖြင့် ပြောဆိုလုပ်ကိုင်ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများ မဖြစ်ပေါ်စေရေးကိန်းဂဏန်းများ မှန်ကန်မှုရှိရန်လိုအပ်ကြောင်း၊ ပြည်သူများကို အသိပေးသင့်သည့် အချက်အလက်များကို မှန်မှန်ကန်ကန်ဖြင့် ထုတ်ပြန်ပေးရန်နှင့် အစိုးရအဖွဲ့သို့တင်ပြရာတွင်လည်း ကိန်းဂဏန်းများ မှန်ကန်မှုရှိရန်နှင့် အချက်အလက်များမှန်ကန်မှုရှိရန်အရေးကြီးကြောင်း၊ ကိန်းဂဏန်းနှင့် အချက်အလက်များ မှန်ကန်မှုရှိမှသာ မိမိတို့အစိုးရ၏ လုပ်ငန်းအောင်မြင်မှုအတွက်များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နိုင်ငံ၏အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ရေရှည်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အားကစားစိတ်ဓာတ်သည် တိုင်းချစ်ပြည်ချစ်စိတ်ကိုဖြစ်ပေါ်စေပြီး ထိုမှတစ်ဆင့် တိုင်းပြည်ကို ကာကွယ်လိုသည့်စိတ် ဖြစ်ပေါ်စေမည်ဖြစ်သည့်အတွက် အားကစားကဏ္ဍကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ သို့ဖြစ်၍မိမိအနေဖြင့် ဗီယက်နမ်နိုင်ငံ၌ကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံ့လက်ရွေးစင်အားကစားသမားများအား အောင်နိုင်ရေးအလံပေးအပ်ပွဲသို့ တက်ရောက်ပြီး ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း၊ နိုင်ငံတကာပြိုင်ပွဲ

များသို့ သွားရောက်ယှဉ်ပြိုင်သည့် နိုင်ငံ့လက်ရွေးစင် အားကစားသမားများ ပြန်လည်ရောက်ရှိချိန်တွင် ထိထိ ရောက်ရောက်ချီးမြှင့်သွားရန်လိုအပ်ကြောင်း၊ အားကစား အောင်နိုင်ရေးအတွက် လေ့ကျင့်ခြင်းသည် နိုင်ငံတော်၏ အလုပ်တာဝန်ကို ထမ်းဆောင်နေခြင်းပင်ဖြစ်သည့်အတွက် တာဝန်ရှိသူများက အသိအမှတ်ပြုနေရာပေးရန် လိုအပ် ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့လက်ရွေးစင် အားကစားသမားများ ဘဝအာမခံချက်ရှိစေရေးအတွက် စဉ်းစားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အားကစားကဏ္ဍ အောင်မြင်ရေးအတွက် အားကစားသမားများ၏စိတ်ဓာတ် ကို မြှင့်တင်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ထွက်ပေါ်လာရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်၊ ဝန်ကြီးဌာန အလိုက် အားကစားပြိုင်ပွဲများကိုလည်း ကျင်းပပြုလုပ် သွားကြရန် လိုအပ်ကြောင်း။

လက်ရှိအချိန်တွင် လူငယ်လူရွယ်များအနေဖြင့် တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်နည်းပါးနေသည်ကို တွေ့ရကြောင်း၊ ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသည့် အချို့သော မြန်မာလူငယ်များ၊ အချို့သော ပြည်ပအခြေပြု မြန်မာအသိုက်အဝန်းများအနေဖြင့် တိုင်းချစ်ပြည်ချစ် စိတ်ကင်းမဲ့စွာဖြင့် နိုင်ငံတော်၏ပကတိအခြေအနေမှန် ကိုမသိရှိဘဲ နိုင်ငံရပ်ခြားမှနေ၍ တိုင်းပြည်ပျက်စီးအောင် နည်းမျိုးစုံဖြင့်ဆောင်ရွက်နေကြသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် လူငယ်လူရွယ်များအကြား တိုင်းချစ်ပြည် ချစ်စိတ်ရှိရန်နှင့် ထိုမှတစ်ဆင့် မျိုးချစ်စိတ်ရှိရန်၊ မြန်မာ ဟူသည့်စိတ်ရှိရန် သင်ကြား၊ ဆွေးနွေး၊ လေ့ကျင့်ပေးရန် လိုအပ်ကြောင်း။

သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တာဝန်ရှိအဖွဲ့ အစည်း များအနေဖြင့် လူငယ်လူရွယ်များအတွက် အကျင့်စာရိတ္တ မြင့်မားရေးနှင့် ယဉ်ကျေးလိမ္မာမှုရှိစေရေးအတွက် ယဉ်ကျေး လိမ္မာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ရုပ်မြင်သံကြားအစီအစဉ်များမှလည်း ၃၈ ဖြာမင်္ဂလာ ပညာ ပေးအစီအစဉ်များကို ထုတ်လွှင့်ပြသပေးလျက်ရှိကြောင်း၊ လူငယ်များ တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်ရှိစေရေး အတွက် ဦးဆောင်ပုံဖော်သူများအနေဖြင့်လည်း အမျိုးသား ရေးစရိုက်လက္ခဏာများနှင့် ကိုက်ညီမှုရှိရန် လိုအပ်ကြောင်း၊ ရုပ်ရှင်၊ ဂီတနှင့် ဖျော်ဖြေပွဲများအနေဖြင့် မိမိတို့နိုင်ငံ၏ အမျိုးသားရေးစရိုက်လက္ခဏာများကို မထိခိုက်ဘဲ တိုင်းချစ်ပြည်ချစ်စိတ်ရှိလာအောင် အသိပညာပေးနိုင်ရ မည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် မကြာမီကာလတွင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ခမ်းခမ်းနားနား စည်ကား သိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည့်အတွက် တာဝန် ရှိသူများအနေဖြင့် ကဏ္ဍပေါင်းစုံမှ ပါဝင်သင့်ပါဝင်ထိုက် သူများပါဝင်နိုင်ရေးနှင့် ပြိုင်ပွဲများတွင် တရားမျှတမှုရှိ အောင် ကြိုတင်စီမံဆောင်ရွက်ထားရှိရန် လိုအပ်ကြောင်း၊ လူငယ်များ တိုင်းချစ်ပြည်ချစ်စိတ်ထားရှိမွေးမြူလာရန် မှာ တာဝန်ရှိသူများ၏ သမာသမတ်ကျသည့်လုပ်ရပ်များ အပေါ်တွင် မူတည်ပါကြောင်း။

မိမိအနေဖြင့် ပြီးခဲ့သည့် မြန်မာ့နှစ်သစ်ကူးအခါ သမယတွင် လွန်ခဲ့သည့် ၇၅ နှစ်အတွင်း တိုင်းပြည်အတွက် ကောင်းရာကောင်းကျိုးဆောင်ရွက်ခဲ့ကြသည့် အလွှာ ပေါင်းစုံ၊ ဌာနပေါင်းစုံမှ ချီးမြှင့်သင့်ချီးမြှင့်ထိုက်သူများ ကို ဂုဏ်ထူးဆောင်ဘွဲ့ များ ပေးအပ်ချီးမြှင့်ခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည့် နိုင်ငံတော်၏သမိုင်းမှတ်တမ်း တစ်ခုလည်းဖြစ်ပါကြောင်း၊ အဆိုပါ ဂုဏ်ထူးဆောင်ဘွဲ့ရ ရှိကြသူများကိုလည်း ၇၅ နှစ်မြောက် စိန်ရတုလွတ်လပ်ရေး နေ့အခမ်းအနားတွင် ဖိတ်ကြားဂုဏ်ပြုသွားမည်ဖြစ်ကြောင်း၊ အလားတူဝန်ကြီးဌာနအလိုက် နှစ်ပေါင်းများစွာ စိတ်ရင်း စေတနာဖြင့် ဌာနအကျိုးအတွက် ဆောင်ရွက်ခဲ့ကြသူများ ကိုလည်း ဂုဏ်ပြုချီးမြှင့်သွားရန် လိုအပ်ကြောင်း။

နိုင်ငံတော်မှ ရသင့်ရထိုက်သော ဝင်ငွေများရရှိစေရေး အတွက် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ကြိုးစားဆောင် ရွက်သွားရမည်ဖြစ်ကြောင်း၊ တိုင်းပြည်၏ ဘဏ္ဍာငွေ တိုးတက်ရရှိမှသာ နိုင်ငံ့ဝန်ထမ်းများအတွက် လိုအပ်သော ထောက်ပံ့မှု၊ ပံ့ပိုးမှုများနှင့် တိုင်းပြည်အတွက် လိုအပ်ချက် များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၂) တွင် ပြောကြားသည့်အမှာစကား

( ၁၂ - ၅ - ၂၀၂၂ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး အမှတ်စဉ် (၄/၂၀၂၂)ကို မေလ ၁၂ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမဦးကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးရွှေကြိမ်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

**ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရန် ဆောင်ရွက်လျက်ရှိမှု**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာ၌ ငြိမ်းချမ်းရေးဖိတ်ခေါ်မှုနှင့်ပတ်သက်၍ ဧပြီ ၂၂ ရက်နေ့တွင် ငြိမ်းချမ်းရေးဖိတ်ခေါ်မှုဆောင်ရွက်ခဲ့ကြောင်း၊ ယခုနှစ်တွင် စိန်ရတုပြည်ထောင်စုနေ့ ကျရောက်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် စိန်ရတုလွတ်လပ်ရေးနေ့ ကျရောက်မည်ဖြစ်ကြောင်း၊ ယနေ့အချိန်အထိ ပြည်သူများအားလုံး ငြိမ်းချမ်းမှုအရသာ၊ ဒီမိုကရေစီ၏အနှစ်သာရကို အပြည့်အဝမခံစားရသေးကြောင်း၊ သဘောထားကွဲလွဲမှုအမျိုးမျိုးကြောင့် ပဋိပက္ခများဖြစ်ပေါ်ခဲ့ပြီး အဆိုပါပဋိပက္ခများကို ငြိမ်းငြိမ်းချမ်းချမ်းဖြင့် ဖြေရှင်းရန် မိမိအနေဖြင့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့နှင့် (၇၇) နှစ်မြောက်တပ်မတော်နေ့ မိန့်ခွန်းတို့တွင် ထည့်သွင်းပြောကြားခဲ့ကြောင်း၊ ငြိမ်းချမ်းရေးရရှိရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများကလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း အချို့သောကန့်သတ်ချက်ရှိမှုများကြောင့် ထိုက်သင့်သလောက်

တိုးတက်မှုများမရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့အတူ အချို့ EAO များအနေဖြင့် ၎င်းတို့နယ်မြေတွင် ရောက်ရှိနေသော PDF အကြမ်းဖက်သမားများကြောင့်လည်း အခက်အခဲတချို့ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ကိုယ်တိုင်ဖိတ်ခေါ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ တွေ့ဆုံရန်ဆောင်ရွက်ရာတွင်လည်း အမြန်ဆုံးတွေ့ဆုံနိုင်ရေး စီမံဆောင်ရွက်ထားကြောင်း။

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအလိုက် တိုတောင်းသည့်ကာလအတွင်း အဖြေတစ်ခုခုရရှိစေရန်အတွက် အဖွဲ့အစည်းများအလိုက် ဥက္ကဋ္ဌနှင့်ညှိနှိုင်းတိုင်ပင်နိုင်ရန် နှစ်ဦးတို့ကို မိမိနှင့်သီးခြားစီတွေ့ဆုံရန် စီမံဆောင်ရွက်ခဲ့ကြောင်း၊ လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် ထိုသို့ဖိတ်ခေါ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့တွေ့ဆုံဆွေးနွေးမှုကြောင့် ရသင့်သည့်အဖြေတစ်ခုရရှိလာမည်ဖြစ်ပြီး ထပ်မံတွေ့ဆုံဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ရာတွင်လည်း နှစ်ဖက်ညှိနှိုင်းမှုများပြုလုပ်၍ ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ညှိနှိုင်းမှုများ ဆောင်ရွက်ရာတွင်လည်း ဒီမိုကရေစီ၏အနှစ်သာရကို ပျက်ယွင်းမှုမရှိစေရန်နှင့် ရသင့်ရထိုက်သည့်အခွင့်အရေးများရရှိစေရေး နှစ်ဖက်မျှတမှုရှိအောင်ဆောင်ရွက်ရန်လိုကြောင်း၊ သို့မှသာနိုင်ငံတော်၏ အဓိကလိုအပ်ချက်ဖြစ်သည့် လွတ်လပ်မှု၏အရသာ၊ ဒီမိုကရေစီ၏အနှစ်သာရကို ခံစားနိုင်မည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ပြည်သူများ၏ ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်သည် ပြည်သူများမှ ပေါက်ဖွားလာခြင်းဖြစ်သကဲ့သို့ နိုင်ငံတော်၏အစိတ်အပိုင်းတစ်ခုလည်းဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ဆိုသည်မှာ အများဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်သည့် အစိုးရစနစ်ဖြစ်ပြီး ပြည်သူ့အုပ်ချုပ်ရေးစနစ်ဖြစ်ကြောင်း၊ တိုင်းရင်းသားနယ်မြေများအလိုက် လိုအပ်ချက်များ၊ တောင်းဆိုချက်များနှင့် အခွင့်အာဏာများ ခွဲဝေခံစားခြင်း၊ မျှဝေခံစားခြင်းများရရှိစေရန် ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် ပါတီစုံဒီမိုကရေစီစနစ်၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို သွားရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ၁၈၈၆ ခုနှစ်တွင် လွတ်လပ်ရေးမဆုံးရှုံးမီအချိန်အထိ ဘုရင့်နိုင်ငံအဖြစ် တည်ရှိခဲ့ကြောင်း၊ ကျယ်ပြန့်သောနိုင်ငံတော်အဖြစ် တည်ထောင်ခဲ့သည့် အနော်ရထာ၊ ဘုရင့်နောင်နှင့် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျတို့၏ခေတ်သုံးခေတ်ရှိကြောင်း၊ အဆိုပါခေတ်သုံးခေတ်တွင် မိမိတို့နိုင်ငံ၏နယ်နိမိတ်သည် ယခုထက် ပိုမိုကျယ်ဝန်းကြောင်း၊ သို့သော် နယ်ချဲ့လက်အောက်ကျရောက်ခဲ့ချိန်တွင် နယ်နိမိတ်များ ပြန်လည်ဆုံးရှုံးခဲ့ကြောင်း၊ ဘုရင်ခေတ်တွင် အုပ်ချုပ်မှုနယ်ပယ်များအလိုက် အဆင့်ဆင့်အုပ်ချုပ်ခဲ့ကြပြီး တစ်နိုင်ငံလုံးကို ဘုရင့်ဩဇာသက်ရောက်မှုရှိသည်ကို သမိုင်းများအရသိရှိရကြောင်း၊ နယ်ချဲ့များအုပ်ချုပ်ခဲ့ချိန်တွင်လည်း ပြည်မဒေသကို တိုက်ရိုက်အုပ်ချုပ်၍ တောင်တန်းဒေသများကို ပုံစံတစ်မျိုးဖြင့်ခွဲခြား၍ အုပ်ချုပ်ခဲ့သော်လည်း အုပ်ချုပ်မှုအားလုံးသည် နယ်ချဲ့အစိုးရလက်အောက်တွင်သာရှိကြောင်း၊ မြန်မာပြည်လွတ်လပ်ရေးရရှိရန် ကြိုးပမ်းချိန်တွင် နယ်ချဲ့များက တောင်တန်းဒေသနှင့် ပြည်မခွဲ၍ လွတ်လပ်ရေးပေးရန်ဆောင်ရွက်ခဲ့ကြောင်း၊ သို့သော် တောင်တန်းဒေသမှ စော်ဘွားများက လက်ခံမှုမရှိခြင်းကြောင့် ပင်လုံအစည်းအဝေးကျင်းပ၍ ပင်လုံစိတ်ဓာတ်ဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကိုတည်ဆောက်၍ တစုတစည်းတည်းသော ပြည်ထောင်စုအဖြစ် နိုင်ငံလွတ်လပ်ရေးကို ရရှိအောင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

**တွေ့ဆုံဆွေးနွေးမှုများ**
**ဆောင်ရွက်ရာတွင်လည်း နှစ်ဖက်**
**ညှိနှိုင်းမှုများပြုလုပ်၍ ဆောင်ရွက်သွားရန်ဖြစ်၊**
**ညှိနှိုင်းမှုများ ဆောင်ရွက်ရာတွင်လည်း**
**ဒီမိုကရေစီ၏အနှစ်သာကို**
**ပျက်ယွင်းမှုမရှိစေရန်နှင့် ရသင့်ရထိုက်သည့်**
**အခွင့်အရေးများရရှိစေရေး**
**နှစ်ဖက်မျှတမှုရှိအောင်ဆောင်ရွက်ရန်လို၊**
**သို့မှသာ နိုင်ငံတော်၏အဓိကလိုအပ်ချက်**
**ဖြစ်သည့် လွတ်လပ်မှု၏ အရသာ၊ ဒီမိုကရေစီ၏**
**အနှစ်သာရကို ခံစားနိုင်မည်ဖြစ်။**

မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ဒီမိုကရေစီစနစ်၊ ဆိုရှယ်လစ်စနစ် စသည့် ဖွဲ့စည်းအုပ်ချုပ်မှုပုံစံအမျိုးမျိုးဖြင့် ကျင့်သုံးအုပ်ချုပ်ခဲ့မှုများရှိခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ပြန်လည်ကြည့်မည်ဆိုပါက လုပ်ပိုင်ခွင့်အာဏာများကို ခွဲဝေထားပြီးဖြစ်သဖြင့် ဖက်ဒရယ်စနစ်သဘောတရားများအတိုင်းသာ ရေးဆွဲထားခြင်းဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

တွေ့ဆုံဆွေးနွေးရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ခေါင်းဆောင်များနှင့်အတူ ညှိနှိုင်းတိုင်ပင်ဆွေးနွေးနိုင်ရေးအတွက် အဖွဲ့ဝင် ၂ ဦးကိုပါ ဖိတ်ခေါ်ထားပါကြောင်း၊ လက်ရှိအချိန်ထိ အကြောင်းပြန်ခဲ့သည်မှာ NCA လက်မှတ်ရေးထိုးပြီးသည့် အဖွဲ့ ၇ ဖွဲ့နှင့် NCA လက်မှတ်ရေးထိုးခြင်းမပြုသေးသည့် အဖွဲ့ ၃ ဖွဲ့ လာရောက်မည်ဟု အကြောင်းပြန်ခဲ့ကြောင်း၊

တွေ့ဆုံဆွေးနွေးရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များကိုယ်တိုင် တက်ရောက်နိုင်ရေး ဖိတ်ကြားခြင်းဖြစ်သော်လည်း အချို့သောအဖွဲ့များမှ ဥက္ကဋ္ဌများ ကျန်းမာရေးဆိုင်ရာအခက်အခဲများရှိခြင်းကြောင့် ဥက္ကဋ္ဌကိုယ်စားပြုသူများကို စေလွှတ်ခြင်းများရှိကြောင်း၊ ၎င်းတို့အနေဖြင့် အာမခံချက်များရှိရန်လိုပါကြောင်း၊ ယခုငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ထိရောက်သည့်အဖြေတစ်ခု ထွက်လာစေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ EAO များ၏ အလိုဆန္ဒများ၊ တိုင်းပြည်၏အလိုဆန္ဒများဖြင့် နှစ်ဖက်လိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ပြီး အကျိုးရှိသည့်ဆွေးနွေးပွဲဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆွေးနွေးချက်များနှင့် ပတ်သက်၍လည်း ဖြစ်သင့်သည်၊ မဖြစ်သင့်သည်ကို ကောင်စီအစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုပြောကြားနေခြင်းသည် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ တိုင်ပင်နေခြင်းသာဖြစ်ပြီး ထပ်မံ၍လည်း သီးသန့်ဆွေးနွေးသွားမည်ဖြစ်ကြောင်း။

**ကျောင်းသား၊ ကျောင်းသူများအားလုံး ပညာသင်ကြားရန်လိုအပ်မှု**

မေ ၂၄ ရက်တွင် အခြေခံပညာကျောင်းများအားလုံး၏ အောင်စာရင်းကို ထုတ်ပြန်ပေးခဲ့ကြောင်း၊ လာမည့်ဇွန်လတွင်လည်း အခြေခံပညာကျောင်းများကို ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိပြီး လိုအပ်လျက်ရှိသည့် ဆရာ၊ ဆရာမများ ထပ်မံဖြည့်တင်းပေးနိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း။

အလားတူ တက္ကသိုလ်များနှင့် ကောလိပ်များကိုလည်း ပြန်လည်ဖွင့်လှစ်၍ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ တက္ကသိုလ်နည်းပြဆရာ၊ ဆရာမများလုံလောက်စွာခန့်အပ်နိုင်ရေးအတွက်လည်း အရည်အချင်းပြည့်ဝသည့် ဆရာ၊ ဆရာမများ မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဆရာ၊ ဆရာမများအားလုံး အရည်အချင်းများပြည့်ဝနေရန် လိုကြောင်း၊ အခြေခံပညာနှင့် အဆင့်မြင့်ပညာသင်ကြားမည့် ကျောင်းသား၊ ကျောင်းသူများအားလုံး ကျောင်းနေရန် လိုကြောင်း၊ ပညာပြီးမြောက်အောင် သင်ကြားမှုမရှိပါက ကျောင်းသား၊ ကျောင်းသူများ၊ မိဘများသာမက နိုင်ငံတော်အတွက်ပါ ဆုံးရှုံးနစ်နာမှုများရှိကြောင်း၊ နိုင်ငံတော်အတွက် အလုပ်လုပ်နိုင်မည့် လုပ်အားများဆုံးရှုံးခြင်းများ ဖြစ်ပေါ်လျက်ရှိပြီး နိုင်ငံသားတစ်ဦးချင်း၏ ဆုံးရှုံးနစ်နာမှုလည်း ဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူများအားလုံး ပညာသင်ကြားနိုင်ရေး တိုက်တွန်းဆောင်ရွက်ကြရန်လိုကြောင်း၊ ယခုအခါ ဆေးတက္ကသိုလ်တက်ရောက်ရန်အတွက် ကျောင်းလာရောက်အပ်နှံသူ ၅၀ ရာခိုင်နှုန်းကျော်ခန့်ရှိပြီး ဆက်လက်လာရောက်သင်ကြားမည့်သူများရှိကြောင်း။

**ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမှု**

ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများ ပြန်းတီးမှုဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် ကျန်းမာရေးဝန်ထမ်း လိုအပ်လျက်ရှိသည့်ဒေသများတွင် တပ်မတော်မှ ဆေးဝန်ထမ်းတပ်ဖွဲ့များကို တွဲဖက်တာဝန်ပေးအပ်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ သင်တန်းဆင်း ကျန်းမာရေးဝန်ထမ်းများကိုလည်း နိုင်ငံတော်တာဝန်များ ထမ်းဆောင်နိုင်ရေး ခန့်အပ်ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ပြည်သူများကျန်းမာရေးဝန်ဆောင်မှု ပြည့်ဝစွာရရှိစေရန်အတွက် ဆေးရုံများကို တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်လျက်ရှိကြောင်း။

ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍လည်း ၂၀၂၁ ခုနှစ်အတွင်း ကူးစက်မှုနှုန်းမြင့်မားခဲ့မှုအတွက် ပြည်သူများ၏

**နိုင်ငံအရေးမှာ ကိုယ့်ပြည်တွင်းအရေးမှာ ပြည်ပက ပါဝင်နေသမျှကာလပတ်လုံး တိုင်းပြည်တည်ငြိမ်အေးချမ်းဖို့ဆိုတာ တော်တော်ခက်ပါတယ်။ မြန်မာနိုင်ငံရဲ့ အရေးကို မြန်မာနိုင်ငံသားတွေပဲ ဆုံးဖြတ်ဖို့ ဖြစ်ပါတယ်။ တခြားပြည်ပနိုင်ငံတွေက နေပြီးတော့ ဝင်ရောက်စွက်ဖက်ပြီး ဆုံးဖြတ်ရအောင် ဆောင်ရွက်ပေးလို့ ဘယ်လိုမှမဖြစ်နိုင်ဘူး။ မြန်မာနိုင်ငံရဲ့အရေးကို မြန်မာနိုင်ငံသားတွေပဲ ဆုံးဖြတ်ဖို့ဖြစ်မယ်။**

ပူးပေါင်းဆောင်ရွက်မှုနှင့် အားလုံးမှဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် အခက်အခဲများကိုကျော်လွှားနိုင်ခဲ့ကြောင်း၊ ယခုအခါ ၀ ဒသမ ၂ ရာခိုင်နှုန်းအောက်ထိ ရောက်ရှိလာပြီဖြစ်ကြောင်း၊ နိုင်ငံတကာတွင် ကူးစက်မှုနှုန်း ၅ ရာခိုင်နှုန်းအောက်ရောက်ရှိပါက ထိန်းသိမ်းနိုင်သည့် အဆင့်သို့ရောက်ရှိပြီဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ပေးထားကြောင်း၊ သို့သော် မိမိတို့အနေဖြင့် ရောဂါကူးစက်မှုများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် အချို့သောကိုဗစ်စည်းကမ်းချက်များကို ဆက်လက်လိုက်နာရန် လိုအပ်နေသေးကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုတွင်လည်း ယခုအခါ အသက် ၁၈ နှစ်အထက် လူဦးရေ၏ ၉၂ ရာခိုင်နှုန်းကျော်ကို တစ်ကြိမ်နှင့်အထက် ထိုးနှံပေးပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ထိုးနှံမှုနည်းပါးနေသေးသဖြင့် တတ်နိုင်သမျှ ထိုးနှံပေးနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါအသက် ၁၅ နှစ်နှင့်အထက်ကို ဆက်လက်ထိုးနှံပေးလျက်ရှိပြီး ၁၂ နှစ်အထက် ကျောင်းသား၊ ကျောင်းသူများကိုလည်း ထိုးနှံပေးပြီးဖြစ်ကြောင်း၊

**စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်မှု**

မိမိတို့စတင်တာဝန်ယူချိန်တွင် ကုန်သွယ်မှုလိုငွေများဖြစ်ပေါ်ခဲ့သဖြင့် သွင်းကုန်များလျှော့ချ၍ ပြည်တွင်းထုတ်ကုန်များကို ဦးစားပေးဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ ကုန်သွယ်မှုပိုငွေများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ကိုဗစ်ရောဂါဖြစ်ပွားမှုကြောင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ မျှော်မှန်းသလောက် မရရှိခဲ့ကြောင်း၊ သွင်းကုန်၊ ထုတ်ကုန်များလည်း ပုံမှန်နှစ်များထက် နည်းပါးခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဝင်ငွေများရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ သွင်းကုန်များဖြစ်သည့် စက်သုံးဆီများ ချွေတာသုံးစွဲရန်နှင့် စားသုံးဆီများလျှော့ချသုံးစွဲနိုင်မည်ဆိုပါက ပြည်ပမှတင်သွင်းမှုကို လျှော့ချနိုင်ပြီး နိုင်ငံခြားငွေသုံးစွဲမှုများ လျော့ကျလာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဆီထွက်သီးနှံများ စိုက်ပျိုးနိုင်သည့် မြေသယံဇာတများစွာရှိကြောင်း၊ သီးထပ်၊ သီးညှပ်များစိုက်ပျိုး၍ စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏ GDP သည် တိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးတောင်သူများ အပြည့်အဝစိုက်ပျိုးနိုင်ရေး လိုအပ်သည်များကို နိုင်ငံတော်အစိုးရမှလည်း ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ စိုက်ပျိုးမှုတစ်ဧကချင်းအထွက်နှုန်းများ တိုးတက်မှုရှိစေရေးဆောင်ရွက်ရန်လိုသကဲ့သို့ လေလွင့်ဆုံးရှုံးမှုများမရှိစေရေး စနစ်တကျဖြင့် ရိတ်သိမ်းခြင်းများ ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်သွင်းအားစုများ ရရှိရေးအတွက် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဇီဝမြေဩဇာများ လုံလောက်စွာရရှိနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုး၊ မွေးမြူရေးကိုအခြေခံပြီး နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ ဒေါ်အေးနုစိန်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်နှင့် ဒေါက်တာဗညားအောင်မိုးတို့က ဒီမိုကရေစီနှင့် ဖက်ဒရယ်ဆိုင်ရာအခွင့်အရေးများနှင့် စပ်လျဉ်း၍ ဆွေးနွေးပွဲများကျင်းပနိုင်ရေး၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့အဝင်ဂိတ်များတွင် လက်နက်ခဲယမ်းစစ်ဆေးနိုင်သည့် စက်ကရိယာများတပ်ဆင်ပေးရေး၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲ တက်ရောက်ရန်ကျန်ရှိနေသည့် EAO များအား ဆွေးနွေးပွဲတက်ရောက်

နိုင်ရန် ငြိမ်းချမ်းရေးလမ်းကြောင်း ဆက်လက်ဖွင့်လှစ်ပေးထားရေး၊ ဒီဂျစ်တယ်ငွေကြေးစနစ် အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးရေး၊ ပြည်တွင်းစားသုံးမှုကို မထိခိုက်စေရန် ပြည်ပသို့ ကျွဲ၊ နွားတင်ပို့မှုများ ထိန်းချုပ်၍ ပြည်ပမှ မျိုးသန့်အသားစားနွားများ မွေးမြူနိုင်ရေး၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်လာကြမည့် EAO များအား အသိအမှတ်ပြုကြိုဆိုနိုင်ရေး၊ ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်ခဲ့ရာတွင် ရသင့်ရထိုက်သူများမကျန်ရှိစေရေး စိစစ်ဆောင်ရွက်ပေးရေး၊မြေယာစီမံခန့်ခွဲမှုများ၌ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်စေရေး၊ စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ဝန်ကြီးဌာနအလိုက် အားကစားပြိုင်ပွဲများကျင်းပပေးရေး၊ ရခိုင်ပြည်နယ် စစ်တွေမြို့တွင် အခြေခံကျန်းမာရေးသင်တန်းကျောင်းဖွင့်လှစ်ပေးရေး၊ ချင်းပြည်နယ်၌ ကျောင်းဖွင့်ရာသီတွင် ကျောင်းသား၊ ကျောင်းသူများ ပုံမှန်ကျောင်းတက်နိုင်ရန် စီမံဆောင်ရွက်ပေးရေး၊ အချို့လေကြောင်းလိုင်းများတွင် ကိုဗစ်-၁၉ ရောဂါစစ်ဆေးဆောင်ရွက်မှုများကို စည်းမျဉ်းစည်းကမ်းများနှင့်အညီဆောင်ရွက်ရေး၊ မြေယာကိစ္စများတွင် ဝန်ထမ်းအချို့ မသမာမှုများရှိနေသည့်အတွက် စိစစ်ဖော်ထုတ်အရေးယူရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

**ငြိမ်းချမ်းရေးနှင့်ပတ်သက်၍**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ တရားဥပဒေစိုးမိုးရေးကို ထိခိုက်အောင် လုပ်ဆောင်မှုများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ EAO များနှင့် တစ်ဖွဲ့ချင်းစီတွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ အစိုးရနှင့် တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်ကိုအခြေခံသော ပြည်ထောင်စုစနစ်ကို အာမခံထားပြီးဖြစ်ကြောင်း၊ မြို့အဝင် စစ်ဆေးရေးဂိတ်များ၌ လုံခြုံရေးဂရုပြုဆောင်ရွက်သွားမည်ဖြစ်ပြီး Online Banking စနစ်ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကာ အခြေခံပြည်သူများ ဝင်ငွေရရှိရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်လိုအပ်ကြောင်း။

တစ်နိုင်ငံလုံးလွှမ်းခြုံသည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ် ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင်လိုအပ်သည့်ကျန်းမာရေးဝန်ထမ်းများ ဖြည့်ဆည်းခန့်အပ်ပေးရန် ဆောင်ရွက်နေပြီး ကျန်းမာရေးဝန်ထမ်း ခန့်ထားစေလွှတ်နိုင်ရန် ဒေသငြိမ်းချမ်းရေးသည်အရေးကြီးသည့်အတွက် ငြိမ်းချမ်းရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အစိုးရလက်ထက်တွင် ငြိမ်းချမ်းရေးအုတ်မြစ်တစ်ခု ချမှတ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးရာတွင် ယုံကြည်မှု၊ ရိုးသားမှုနှင့် ပြည်ထောင်စုအကျိုးကို ရှေ့ရှုဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို စဉ်းစားဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ချိန်ထိုးစဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ "ခုနက ကျွန်တော်တို့ဆွေးနွေးတဲ့အချိန်မှာ အုပ်စုနှစ်ခု ကျွန်တော်တို့တွေ့ပါတယ်။ တစ်ခုကတော့ NCA လက်မှတ်ရေးထိုးထားတဲ့အဖွဲ့၊ ဒုတိယကတော့ NCA လက်မှတ်ရေးထိုးထားခြင်း မပြုရသေးတဲ့အဖွဲ့၊ NCA လက်မှတ်ရေးထိုးထားတဲ့အဖွဲ့ထဲမှာ (၇) ဖွဲ့ တက်ဖို့ရှိပါတယ်။ လက်မှတ်ရေးထိုးထားခြင်းမပြုရသေးတဲ့ အဖွဲ့ထဲမှာ (၃) ဖွဲ့တက်ပါမယ်။ လက်မှတ်ရေးထိုးပြီးတော့မှ အကြောင်းပြပြီး မတက်တဲ့အဖွဲ့ (၃) ဖွဲ့

> **ပြည်ထောင်စုအတွင်းမှာနေထိုင်ကြတဲ့ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်နဲ့လုပ်မယ်ဆိုရင် တိုင်းပြည်အတွက် ကျွန်တော်တို့ ရည်မှန်းချက်ပန်းတိုင်ကို ဘယ်လိုပဲဖြစ်ဖြစ် အောင်မြင်မယ်ဆိုတဲ့ အမြင်ရှိတယ်ဆိုလို့ရှိရင် ပြည်ထောင်စုစိတ်ဓာတ်နဲ့ လုပ်ကြမယ်ဆိုလို့ ရှိရင် ဒီငြိမ်းချမ်းရေးဆွေးနွေးပွဲသည် မအောင်မြင်စရာ အကြောင်းမရှိဘူးလို့ ကျွန်တော်တော့ မြင်ပါတယ်။**

ရှိပါတယ်။ လက်မှတ်ရေးထိုးထားခြင်းမရှိတဲ့ အဖွဲ့ထဲက မတက်ဘူးလို့ ကြေညာထားတာ ၃ ဖွဲ့ ရှိပါတယ်။ ဒီမှာ မူလကတက်မယ်လို့ ဆန္ဒရှိနေပြီးတော့မှ လာမတက်ဘူး ဆိုပြီးတော့ ဆုံးဖြတ်ချက်ချခဲ့တာ KNU အဖွဲ့ဖြစ်ပါတယ်။ KNU ရယ် နောက်တစ်ခါ KIA ရယ်၊ KNPP ကတော့ အဲ ဒီနယ်မြေတွေမှာရှိတဲ့ တချို့သောသူတို့ဆီက အဖွဲ့အစည်း တွေက ကျွန်တော်တို့ဆီမှာ လက်ရှိအကြမ်းဖက်လို့ သတ်မှတ်ထားတဲ့ PDF နောက်တစ်ခါ CRPH သူတို့နဲ့ ဆက်နွယ်နေတဲ့ဟာတွေ ရှိတာတွေ့တယ်။ နောက်တစ်ခါ ဒီအဖွဲ့တွေက ပြည်ပနိုင်ငံရဲ့ပတ်သက်မှုနဲ့ဆက်နွယ်နေ တယ်လို့လည်း ကျွန်တော်တို့သိထားပါတယ်။ ဒါကြောင့် လည်း သူတို့က ကျွန်တော်တို့ရဲ့ ဆွေးနွေးပွဲနဲ့ပတ်သက်ပြီး တော့ မတက်ဘူးဆိုတဲ့အကြောင်း ထုတ်ပြန်ခဲ့တာဖြစ်တယ် လို့ ကျွန်တော်တို့ တွေ့ရှိရပါတယ်။”

**မြန်မာနိုင်ငံရဲ့အရေးကို မြန်မာနိုင်ငံသားတွေပဲ ဆုံးဖြတ်ဖို့ဖြစ်**

“နိုင်ငံအရေးမှာ ကိုယ့်ပြည်တွင်းအရေးမှာ ပြည်ပက ပါဝင်နေသမျှကာလပတ်လုံး တိုင်းပြည်တည်ငြိမ် အေးချမ်းဖို့ဆိုတာ တော်တော်ခက်ပါတယ်။ မြန်မာနိုင်ငံ ရဲ့အရေးကို မြန်မာနိုင်ငံသားတွေပဲ ဆုံးဖြတ်ဖို့ဖြစ်ပါတယ်။ တခြားပြည်ပနိုင်ငံတွေကနေပြီးတော့ ဝင်ရောက်စွက်ဖက် ပြီး ဆုံးဖြတ်ရအောင် ဆောင်ရွက်ပေးလို့ ဘယ်လိုမှမဖြစ် နိုင်ဘူး။ မြန်မာနိုင်ငံရဲ့အရေးကို မြန်မာနိုင်ငံသားတွေပဲ ဆုံးဖြတ်ဖို့ဖြစ်မယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့အားနဲ့ပဲရအောင် ဆွေးနွေးပြီးတော့မှ ကျွန်တော်တို့သွားချင်တဲ့ ပြည်သူကနေသွားချင်တဲ့ နိုင်ငံရေး ရည်မှန်းချက်ပန်းတိုင်ကို မရောက်ရောက်အောင် ကျွန်တော် တို့ ချီတက်ပါမယ်။ ကျွန်တော်တို့ ရှေ့လုပ်ငန်းစဉ် ၅ ရပ် လည်း ချမှတ်ထားတာ ဖြစ်ပါတယ်။ ဒီရှေ့လုပ်ငန်းစဉ် ၅ ရပ်ကို အောင်မြင်အောင်လို့ဆိုတာလည်း ငြိမ်းချမ်းရေး ကိစ္စရပ်တွေကလည်း များစွာဆက်နွယ်နေပါတယ်။ ဒါကြောင့် ဒီငြိမ်းချမ်းရေးကို ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့ရဲ့ ပြည်သူများရဲ့ ဆန္ဒနဲ့အညီဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ ဒေသတစ်ခုတည်း၊ အုပ်စုတစ်ခုတည်းကို သွား ပြီးတော့မှ အလေးထားဆောင်ရွက်သွားမယ်ဆိုလို့ရှိ ရင်တော့ ပြည်သူအများရဲ့ဆန္ဒနဲ့ကိုက်ညီဖို့ကတော့ ခဲယဉ်းတယ်ဆိုတာလေးလည်း ကျွန်တော်တို့ တွေ့ရမှာ ဖြစ်ပါတယ်။ တစ်ကယ်ငြိမ်းချမ်းရေးလိုချင်လို့ရှိရင် ငြိမ်းချမ်းရေးလိုချင်တဲ့စိတ်နဲ့လာကြဖို့ရယ်၊ ကျွန်တော်တို့ သွားနေတဲ့ ဒီမိုကရေစီလမ်းကြောင်းမှာ ဒီမိုကရေစီတစ် ကယ် မှန်မှန်ကန်ကန်ဖြစ်ချင်တယ်ဆိုလို့ရှိရင် ဒီမိုကရေစီ လိုချင်တဲ့ဆန္ဒရယ်၊ ပြည်ထောင်စုအတွင်းမှာ နေထိုင်ကြတဲ့ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စု စိတ်ဓာတ်နဲ့လုပ်မယ်ဆိုရင်၊ တိုင်းပြည်အတွက် ကျွန်တော် တို့ရည်မှန်းချက်ပန်းတိုင်ကို ဘယ်လိုပဲဖြစ်ဖြစ် အောင်မြင် မယ်ဆိုတဲ့ အမြင်ရှိတယ်ဆိုရင်၊ ပြည်ထောင်စုစိတ်ဓာတ်နဲ့ လုပ်ကြမယ်ဆိုလို့ရှိရင် ဒီငြိမ်းချမ်းရေးဆွေးနွေးပွဲသည် မအောင်မြင်စရာအကြောင်းမရှိဘူးလို့ ကျွန်တော်တော့ မြင်ပါတယ်” ဟု ပြောကြားသည်။

**ပြည်သူကရွေးချယ်သည့် အုပ်ချုပ်ရေးစနစ်**

ယင်းနောက် ဒီမိုကရေစီစနစ်ဆိုသည်မှာ ပြည်သူက ရွေးချယ်သည့် အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ဖက်ဒရယ်စနစ် ဆိုသည်မှာ လုပ်ပိုင်ခွင့်အာဏာနှင့် ရပိုင်ခွင့်များကို မျှဝေ ခွဲဝေခံစားစေခြင်းဖြစ်ကြောင်း၊ ဖက်ဒရယ်ဆိုသည်မှာ မတူ ကွဲပြားနေသည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ လူမျိုး များ၊ လူမျိုးစုများကို စုစည်းလုပ်ကိုင်ရာမှ လုပ်ကိုင်နိုင် ခွင့်များကို ခွဲဝေကျင့်သုံးသည့် အယူအဆသဘောတရား ဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏အဓိကလိုအပ်ချက်သည် တိုင်းပြည်သာယာ ဝပြောရေး၊ စားရေရိက္ခာပေါများရေးပင်ဖြစ်ကြောင်း၊ သာယာဝပြောရေးဆိုသည်မှာ ငြိမ်းချမ်းရေးကိုအခြေခံ၍ အလုပ်အကိုင်အခွင့်အလမ်းများအားလုံးကို ဒီမိုကရေစီ နည်းလမ်းနှင့်အညီဆောင်ရွက်နိုင်မည်ဆိုပါက တိုင်းပြည် သာယာဝပြောမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင် ရွက်နိုင်ရန် အတွက် နိုင်ငံတော်ကို ဦးဆောင်နေသည့် အစိုးရက ဖန်တီးဆောင်ရွက်ပေးနေရမည်ဖြစ်ကြောင်း၊ ထိုသို့ဖန်တီး ပေးနိုင်မှသာ စားရေရိက္ခာများလည်း ပေါများလာမည် ဖြစ်ကြောင်း၊ အဆိုပါကိစ္စရပ်နှစ်ခုသည် အပြန်အလှန် ချိတ်ဆက်လျက်ရှိပြီး ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ငြိမ်းချမ်းရေးရရှိရေး မျှော်မှန်းချက်ထားဆောင်ရွက်ကြ ရန်လိုကြောင်းဖြင့် မှာကြားခဲ့သည်။

■ ■ ■

# နေပြည်တော်ကောင်စီနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးတွင် ပြောကြားသည့်အမှာစကား

## ( ၁၉ - ၅ - ၂၀၂၂ )



နေပြည်တော်ကောင်စီနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးကို မေလ ၁၉ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ရုံး၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦးနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းတို့ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နေပြည်တော်ကောင်စီနယ်မြေသည် နိုင်ငံတော်၏ မြို့တော်ဖြစ်သည့်အတွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်ပြီး Green City၊ Clean City၊ Smart City အဖြစ် တိုးတက်အောင်ဆောင်ရွက်၍ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စံပြနယ်မြေတစ်ခုဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေသည် စတုရန်းမိုင် ၂၇၂၄ မိုင် ရှိပြီး၊ စိုက်ပျိုးမြေဧရိယာစုစုပေါင်း ၃၂၀၀၀၀ ကျော်ရှိကြောင်း၊ အလားတူရေလှောင်တမံ၊ ဆည်နှင့်ကန်စုစုပေါင်း ၃၂ ခုရှိကြောင်း၊ အရှေ့ရိုးမနှင့် အလယ်ရိုးမကြားတွင် ရှိပြီး ပေါင်းလောင်း(စစ်တောင်းမြစ်)၊ ငလိုက်ချောင်း၊ ဆင်သေ ချောင်းများအပါအဝင် ချောင်း၊ မြောင်းများရှိပြီး မြေဆီမြေနှစ်ကောင်းမွန်ကြောင်း၊ ထို့ကြောင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်၍ ရကြောင်း၊ ထို့ကြောင့်လည်း ယခင်ကနေပြည်တော်တွင် စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးနှင့်ကုသရေးတက္ကသိုလ်နှင့် သစ်တောတက္ကသိုလ်တို့ကို ရွှေ့ပြောင်းခဲ့သည်ကို သိရှိရကြောင်း။

**စံပြဆောင်ရွက်နိုင်ရန်လို**

နေပြည်တော်နယ်မြေအတွင်း ကျွဲ၊ နွား၊ ဆိတ်၊ ဝက်များနှင့် ကြက်များလည်း မွေးမြူဖြစ်ထွန်းလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ တပ်ကုန်းမြို့ပတ်ဝန်းကျင်တွင်လည်း မွေးမြူရေးဇုန်များဖွင့်လှစ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက်

မြေဆီမြေသြဇာများကောင်းမွန်ပြီးဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ တက္ကသိုလ်များရှိသကဲ့သို့ ဝန်ကြီးဌာနများ ရုံးစိုက်ရာနယ်မြေလည်းဖြစ်သဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို စံပြဆောင်ရွက်နိုင်ရန်လိုကြောင်း၊ စိုက်ပျိုးရေးအတွက် အဓိကလိုအပ်ချက်မှာ မြေ၊ ရေ၊ နည်းနှင့်မျိုးတို့ဖြစ်ကြောင်း၊ နွေရာသီတွင် စိုက်ပျိုးမြေများရေလုံလောက်စွာရရှိနိုင်ရေးအတွက်လည်း မြစ်ချောင်းများရှိပြီးဖြစ်သဖြင့် မြစ်ရေတင်လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းဖြင့် ရာသီမရွေးသီးနှံများကို သီးထပ်သီးညှပ်များဖြင့် စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ မြေသြဇာများရရှိရေး၊ မျိုးကောင်းမျိုးသန့်များရရှိရေးနှင့် စိုက်ပျိုးရေးနည်းပညာများခေတ်မီအောင်ဆောင်ရွက်ပေးခြင်းဖြင့် သီးနှံစိုက်ပျိုးမှုများ များစွာတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုး၍ရသည့်မြေများကို စနစ်တကျဖြင့်ပြုပြင်၍ စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း။

မိမိတို့၏အမျိုးသားရေးရည်မှန်းချက်သည် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုး၍ရသည့်မြေယာဇာတများရှိပြီးဖြစ်ပြီး မွေးမြူရေးလုပ်ငန်းများကိုလည်း ဆောင် ရွက်၍ရကြောင်း၊ မွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်ကျသည့်မွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်နိုင်မည်ဆိုပါက မွေးမြူရေးထွက်ကုန်များထုတ်လုပ်နိုင်ပြီး ဒေသတွင်းလိုအပ်ချက်နှင့် အခြားတိုင်းဒေသကြီးများသို့ပါ တင်ပို့ရောင်းချနိုင်ကြောင်း၊ ယင်းတို့မှဇီဝမြေသြဇာများထုတ်လုပ်နိုင်ပြီး စိုက်ပျိုးရေးအတွက်လည်း အထောက်အကူပြုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက ကုန်ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်လာမည်ဖြစ်သကဲ့သို့ အလုပ်အကိုင်အခွင့်လမ်းများပေါ်များခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တစ်နိုင်ငံလုံး၏ စံပြအဖြစ်ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီမှ တာဝန်ရှိသူများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦးနှင့် ဦးလှမိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦးနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းတို့က နေပြည်တော်ကောင်စီနယ်မြေအတွင်း မြေအသုံးချမှုဆိုင်ရာများ၊ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ထုတ်လုပ်နေမှုအခြေအနေ၊ ရေလှောင်တမံများအတွင်း ရေဝင်ရောက်မှုနှင့် စိုက်ပျိုးရေပေးဝေမှုအခြေအနေ၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေးတောင်သူများကို သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရန်စီစဉ်နေမှုအခြေအနေ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေ၊ သီးနှံများကို သီးထပ်သီးညှပ်စိုက်ပျိုးနိုင်ရန်အတွက် မြစ်ရေတင်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**နွေရာသီရေလိုအပ်ချက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စိုက်ပျိုးရေးလုပ်ငန်းများအတွက် နွေရာသီ၌ ရေလိုအပ်ချက်များရှိကြောင်း၊ အဆိုပါရေလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရေး လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများနှင့် နေရောင်ခြည်စွမ်းအင်သုံးမြစ်ရေတင်လုပ်ငန်းများကို အသေးစားမြစ်ရေတင်လုပ်ငန်းများဖြင့် ဆောင်ရွက်မည်ဆိုပါက ငွေကြေးကုန်ကျမှုများလည်း သက်သာမည်ဖြစ်ကြောင်း၊ ရေကိုလည်း လိုအပ်သလောက်သာ အကျိုးရှိစွာဖြင့်အသုံးချရန်လိုကြောင်း၊ စိုက်ပျိုးရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများကို အဓိကဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အဓိကသီးနှံဖြစ်သည့် စပါး၊ ပြောင်း၊ ပဲနှင့် ဆီထွက်သီးနှံများရှိသည့်အနက် နေပြည်တော်နယ်မြေအတွင်း စပါးကို အဓိကထားစိုက်ပျိုးမည်ဆိုပါက တတ်နိုင်သမျှ မျိုးအနည်းဆုံးဖြစ်စေရန်နှင့် အထွက်နှုန်းတိုးအောင် ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတော်မှသတ်မှတ်ထားသည့် အထွက်နှုန်းများအတိုင်း ပြည့်မီစေရန်အတွက် ကြိုးစားစိုက်ပျိုးရန်လိုကြောင်း၊ မျိုးကောင်းမျိုးသန့်ရရှိရေး၊ မြေသြဇာနှင့်သဘာဝ မြေသြဇာများရရှိရေးနှင့် အောင်ရေရရှိရေးတို့အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ သဘာဝမြေသြဇာရရှိရေးအတွက် ကျွဲ၊ နွားမွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် ဇီဝမြေသြဇာများကိုလည်း အကျိုးရှိစွာအသုံးချ၍ရကြောင်း၊ ထို့ကြောင့် ကျွဲ၊ နွားများ မွေးမြူရာတွင်လှောင်မွေးသည့်စနစ်ဖြင့် စနစ်တကျမွေးမြူရန်လိုကြောင်း၊ စိုက်ပျိုးရေး

လုပ်ငန်းများမှ ထွက်ရှိသည့်ထွက်ကုန်များမှ တိရစ္ဆာန်အစာများလည်းထွက်ရှိသဖြင့် မွေးမြူရေးလုပ်ငန်းအတွက်လိုအပ်သည့်တိရစ္ဆာန်အစာများ လုံလောက်စွာရရှိမည်ဖြစ်ကြောင်း။

**ယှဉ်တွဲဆောင်ရွက်**

မြေများကို စနစ်တကျထိထိရောက်ရောက်အသုံးချ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ယှဉ်တွဲဆောင်ရွက်ရန်လိုကြောင်း၊ နေပြည်တော်နယ်မြေတွင် သရက်စိုက်ပျိုးရေးနှင့် မွေးမြူရေးဆောင်ရွက်ရန်အတွက် ပုဂ္ဂလိကများကို ခွင့်ပြုထားကြောင်း၊ အဆိုပါစိုက်ပျိုးမွေးမြူရေးပြုလုပ်ရန်ခွင့်ပြုထားသည့် မြေများပေါ်တွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို သတ်မှတ်စည်းကမ်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်မှုရှိစေရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် တစ်ကေချင်း အထွက်နှုန်းများတိုးတက်စေရေး တာဝန်ရှိသူများအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ တောင်သူများ၏အကျိုးစီးပွားတိုးတက်အောင် ဆောင်ရွက်ပေးပြီး ကုန်ထုတ်လုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်ပေးမည်ဆိုပါက မိမိတို့ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာမည်ဖြစ်သဖြင့် လုပ်အားများကို အကျိုးရှိစွာအသုံးချနိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် ဆောင်ရွက်ရာတွင် သိုလှောင်ထားသည့်ရေများကိုလည်း စနစ်တကျဖြင့် အသုံးချရန်လိုကြောင်း၊ ရေကိုအဟောသိကံ အသုံးမပြုဘဲ ရှိသည့်ရေကို အကျိုးရှိရှိအသုံးချရန်နှင့် ရေရရှိအောင် ဖန်တီးဆောင်ရွက်ရန်လိုကြောင်း၊ ရေရရှိရေး ဆောင်ရွက်ရာတွင် ရေဝေရေလဲသစ်တောဧရိယာများကို စနစ်တကျဖြင့် ထိန်းသိမ်းထားရှိ၍ ရာသီဥတုကောင်းမွန်အောင်ဆောင်ရွက်ခြင်းနှင့်ရေဖလှယ်ခြင်းလုပ်ငန်းများကိုအကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း၊ ထို့သို့ ဆောင်ရွက်နိုင်ရန်အတွက်စီမံခန့်ခွဲမှုများ ကောင်းမွန်ရန်လိုကြောင်း၊ စီမံခန့်ခွဲမှုများ ကောင်းမွန်အောင်ဆောင်ရွက်နိုင်ခြင်းဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ကုန်ကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကိုအောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

**တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်**

ဒေသအတွင်းထွက်ရှိသည့် သီးနှံများကိုလည်း အိမ်တွင်းစက်မှုလုပ်ငန်းများဖြင့် Dry food များဆောင်ရွက်၍ တန်ဖိုးမြှင့်ထုတ်ကုန်များကိုထုတ်လုပ်ပြီး ပြည်တွင်းပြည်ပများသို့တင်ပို့ရောင်းချ၍ရကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် မီးခိုးမထွက်သည့် အသေးစား၊ အလတ်စားစက်မှုလက်မှုလုပ်ငန်းများအတွက် နိုင်ငံတော်မှ လိုအပ်သည့်ကူညီမှုများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း လမ်းပန်းဆက်သွယ်မှုကောင်းမွန်သကဲ့သို့ လျှပ်စစ်ဓာတ်အားလည်း လုံလောက်စွာရရှိကြောင်း၊ ထို့ကြောင့် နေပြည်တော်ကို Green City၊ Clean City၊ Smart City ဖြစ်အောင်ဆောင်ရွက်ပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုလည်း စံပြအဖြစ်ဆောင်ရွက်နိုင်မည်ဆိုပါက မိမိတို့နိုင်ငံအတွက် အခွင့်အလမ်းများ များစွာတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပထမဦးစွာစိုက်ပျိုးရေးလုပ်ငန်းများကို နည်းစနစ်တကျဖြင့် စိုက်ပျိုး၍ အထွက်နှုန်းများတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူမွေးမြူရေးလုပ်ငန်းများကိုလည်း လှောင်မွေးစနစ်ဖြင့် စနစ်တကျမွေးမြူရန်လိုကြောင်း၊ ထို့မှတစ်ဆင့်အထွက်နှုန်းကောင်းမွန်သည့် သီးနှံမျိုးကောင်းမျိုးသန့်များနှင့် မွေးမြူရေးတိရစ္ဆာန် မျိုးကောင်းမျိုးသန့်များကို တိုးတက်စိုက်ပျိုးမွေးမြူ၍ဆောင်ရွက်ကြရန်လိုကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် ကောင်းမွန်သည့် စီမံခန့်ခွဲမှုများနှင့် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားခဲ့သည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း
လမ်းပန်းဆက်သွယ်မှုကောင်းမွန်သကဲ့သို့
လျှပ်စစ်ဓာတ်အားလည်း
လုံလောက်စွာရရှိ၊ ထို့ကြောင့် နေပြည်တော်ကို
Green City၊ Clean City၊ Smart City
ဖြစ်အောင်ဆောင်ရွက်ပြီး ကုန်ထုတ်လုပ်မှု
လုပ်ငန်းများကိုလည်း စံပြအဖြစ်
ဆောင်ရွက်နိုင်မည်ဆိုပါက မိမိတို့နိုင်ငံအတွက်
အခွင့်အလမ်းများ များစွာ
တိုးတက်လာမည်ဖြစ်။

■ ■ ■

# ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS (SSA) အဖွဲ့ဥက္ကဋ္ဌ စဝ်ယွက်စစ် နှင့် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ တွေ့ဆုံဆွေးနွေးစဉ် ပြောကြားသည့်အမှာစကား

( ၂၀ - ၅ - ၂၀၂၂ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS (SSA) အဖွဲ့ဥက္ကဋ္ဌ စဝ်ယွက်စစ် ဦးဆောင်သည့် ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့အား မေလ ၂၀ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးသည်။

**တက်ရောက်**

အဆိုပါ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့ တက်ရောက်ကြပြီး ရှမ်းပြည်ပြန်လည် ထူထောင်ရေးကောင်စီ RCSS (SSA) အဖွဲ့ဥက္ကဋ္ဌနှင့်အတူ အတွင်းရေးမှူး (၁) စဝ်စိုင်းငင်းနှင့် ဗဟိုအလုပ်အမှုဆောင်စဝ်ဆောင်းဟာန်တို့ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်ဖက်အမြင်တူညီသည့် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS (SSA) အဖွဲ့ဥက္ကဋ္ဌကလည်း ယင်းကိစ္စများနှင့် ပတ်သက်၍ သဘောထားအမြင်တူညီချက်များအား ပြန်လည်ဆွေးနွေးခဲ့ပြီး အဖွဲ့များအားလုံး

တွေ့ဆုံပြီးစီးသည့်အချိန်တွင် ငြိမ်းချမ်းရေးဆွေးနွေးမှု လုပ်ငန်းစဉ်များဆောင်ရွက်ရာ၌ အချိန်ဇယား (Time Frame) ကို စနစ်တကျရေးဆွဲဆောင်ရွက်သွားမည့် အခြေအနေနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS(SSA) အဖွဲ့ဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ပြီးစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS (SSA) အဖွဲ့ဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဖွဲ့စည်းပေးထားသည့် ကောင်စီဝင်များပါဝင်သည့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီတို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်သွားမည် ဖြစ်သည်။

■ ■ ■

# မွန်ပြည်သစ်ပါတီ (NMSP) မှ ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်းနှင့် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ တွေ့ဆုံဆွေးနွေးစဉ် ပြောကြားသည့်အမှာစကား

( ၂၃ - ၅ - ၂၀၂၂ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မွန်ပြည်သစ်ပါတီ (NMSP) မှ ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်းဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား မေလ ၂၃ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးသည်။

**တက်ရောက်**

အဆိုပါ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့တက်ရောက်ကြပြီး မွန်ပြည်သစ်ပါတီ (NMSP) မှ ဒုတိယဥက္ကဋ္ဌနှင့်အတူ (NMSP) တွဲဖက်အထွေထွေအတွင်းရေးမှူး နိုင်ဝင်းလှနှင့် (NMSP) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် နိုင်ဗညားလယ်တို့ တက်ရောက်ကြသည်။

**ရှင်းလင်းဆွေးနွေး**

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် တိုင်းရင်းသားအားလုံး နိုင်ငံ့အရေးတွင်ပါဝင်နိုင်ရေး ဦးတည်ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ ဒီမိုကရေစီစနစ်ကိုဖော်ဆောင်ရာတွင် အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသည့် လူသားအရင်းအမြစ်သည် အဓိကလိုအပ်သည့်အတွက် တစ်နိုင်ငံလုံး တိုင်းရင်းသားဒေသများပါမကျန် ပညာရည်မြှင့်တင်ရေးကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ ပြည်သူလူထုဆန္ဒနှင့်ကိုက်ညီ

သည့် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှင်းလင်းဆွေးနွေးပြောကြားသည်။

**အပြန်အလှန်ဆွေးနွေး**

ထို့နောက် မွန်ပြည်သစ်ပါတီ (NMSP) မှ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ပြည်သူ့ဆန္ဒနှင့်ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်တည်ဆောက်ရေး၊ တစ်နိုင်ငံလုံး ပညာရည်မြင့်မားရေးတို့နှင့်ပတ်သက်၍ သဘောထားတူညီချက်အမြင်များကို ပြန်လည်ဆွေးနွေးသည်။ ယင်းနောက် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ပြည်ထောင်စုကြီးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မွန်ပြည်သစ်ပါတီ(NMSP)မှ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီး စုပေါင်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါ မွန်ပြည်သစ်ပါတီ (NMSP) မှ ဒုတိယဥက္ကဋ္ဌဦးဆောင်သည့်အဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဖွဲ့စည်းပေးထားသည့် ကောင်စီဝင်များပါဝင်သည့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီတို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

■ ■ ■

# ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) KNU/KNLA (PC) မှ ဥက္ကဋ္ဌ စောထော့လေး ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ် အဖွဲ့အားတွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးစဉ် ပြောကြားသည့်အမှာစကား

( ၂၆ - ၅ - ၂၀၂၂ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(ငြိမ်းချမ်းရေးကောင်စီ) KNU/KNLA(PC) မှ ဥက္ကဋ္ဌ စောထော့လေး ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား မေလ ၂၆ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးသည်။

### တက်ရောက်

အဆိုပါ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့ တက်ရောက်ကြပြီး ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသား

လွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) KNU/KNLA(PC) ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ နော်က ပေါ်ထူးနှင့် ဗဟိုကော်မတီဝင် စောမောင်မောင်တို့ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်တိုင်း၌ တိုင်းရင်းသားလူမျိုးတစ်ခုတည်းသာ သီးသန့်နေထိုင်သည်မဟုတ်ဘဲ တိုင်းရင်းသားပေါင်းစုံ အတူတကွ ပေါင်းစည်းနေထိုင်သည့် ပြည်ထောင်စုနိုင်ငံဖြစ်သည့်အတွက် ပြည်ထောင်စုအကျိုးကိုကြည့်၍ ဆောင်ရွက်သွားကြမည့်အခြေအနေ၊ ငြိမ်းချမ်းရေးရရှိမှ သာလျှင် နိုင်ငံတည်ဆောက်ရေး (State Building)၊ တိုင်းပြည်တည်ဆောက်ရေး (Nation Building)ကို ပိုမိုသွက်လက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် မိမိတိုင်းရင်းသား၊ မိမိပြည်နယ်နှင့် မိမိတိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်စဉ်းစားဆောင်ရွက်ရန် လိုသည့်အခြေအနေ၊ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင် အသိပညာ၊ အတတ်ပညာနှင့် ပြည်စုံသည့် လူသားအရင်းအမြစ်များပေါ်ထွက်လာရန် အဓိကလိုအပ်သည့်အတွက် တစ်နိုင်ငံလုံး တိုင်းရင်းသားဒေသများပါမကျန် ပညာရည်မြှင့်တင်ရေးကို လက်တွေ့ကျကျအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ ပြည်သူလူထုဆန္ဒနှင့်ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(ငြိမ်းချမ်းရေးကောင်စီ) KNU/KNLA(PC) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်တည်ဆောက်ရေးနှင့်ပတ်သက်၍ သဘောထားတူညီချက်အမြင်များကို ပြန်လည်ဆွေးနွေးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို တင်ပြသည်။ ယင်းနောက် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(ငြိမ်းချမ်းရေးကောင်စီ) KNU/KNLA(PC) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ပြီး စုပေါင်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါ ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(ငြိမ်းချမ်းရေးကောင်စီ) KNU/KNLA(PC) ဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဖွဲ့စည်းပေးထားသည့် ကောင်စီဝင်များပါဝင်သည့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီတို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

■ ■ ■

# မြန်မာ့သားကောင်းစစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်) တည်ဆောက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

( ၂၆ - ၅ - ၂၀၂၂ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှမိုး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ် (လေ)ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ မြို့တော်ဝန်ဦးဘိုဌေးနှင့်တာဝန်ရှိသူများလိုက်ပါ၍ မေလ ၂၆ ရက်နေ့ ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ မြန်မာ့သားကောင်းစစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်) တည်ဆောက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ရှင်းလင်းဆောင်တွင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မျိုးသန့်တို့က အိမ်ရာအတွင်း စစ်မှုထမ်းဟောင်းများနှင့် မိသားစုများကို နေရာချထားပေးမှုအခြေအနေ၊ အိမ်ရာများ ထပ်မံတည်ဆောက်နေမှု၊ အရိပ်ရပင်များ စိုက်ပျိုးထားရှိမှုအခြေအနေ၊ ရေ၊ မီးလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးထားသည့်အခြေအနေ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်များ၏နေထိုင်ရေးအတွက်သာမက စားရေး၊ နေရေးနှင့် အလုပ်အကိုင်ရရှိရေးတို့အတွက် အဆင့်မြင့်ဥစား

ကြက်ခြံလုပ်ငန်း လည်ပတ်နေမှုအခြေအနေ၊ အထည်ချုပ်စက်ရုံလုပ်ငန်းလည်ပတ်နေမှုအခြေအနေများနှင့် အိမ်ရာအတွင်း သာရေး၊ နာရေးကိစ္စရပ်များ ဆောင်ရွက်နိုင်မည့် အခြေအနေ၊ ကလေးကစားကွင်းနှင့် စာကြည့်တိုက်ထည့်သွင်းဆောင်ရွက်ပေးထားသည့်အခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အိမ်ရာအတွင်းပြီးစီးပြီးဖြစ်သည့် အခန်းများ၌ စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များရောက်ရှိနေထိုင်လျက်ရှိပြီဖြစ်သော်လည်း ရောက်ရှိနေထိုင်ရန် ကျန်ရှိနေသူများအားလုံး ရောက်ရှိနေထိုင်နိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မြို့ပြစီမံကိန်းအသွင် ဆောင်ရွက်နေခြင်းဖြစ်သဖြင့် မိသားစုဝင်များ၏ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စီမံကိန်းအတွင်း စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် လုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်း သင်တန်းနှင့် အလုပ်အကိုင်များ၊ စက်မှုအထက်တန်းကျောင်း၊ စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းများကို ဆောင်ရွက်ပေးနိုင်ရေးရည်မှန်းဆောင်ရွက်လျက်ရှိသဖြင့် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးရန်လိုကြောင်း၊ အိမ်ရာတွင်နေထိုင်သူများ လူနေမှုအဆင့်မြှင့်တင်နိုင်ရေးအတွက် စနစ်ကျနသည့် အဆင့်မီ Shopping Mall တစ်ခုကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အိမ်ရာအတွင်းနေထိုင်သည့် စစ်မှုထမ်းဟောင်းများ၊ မိသားစုဝင်များအတွက် အသက်အရွယ်အလိုက် လုပ်ကိုင်နိုင်မည့်လုပ်ငန်းများ လာရောက် ရင်းနှီးမြှုပ်နှံနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စီမံကိန်းဧရိယာအတွင်း မွေးမြူရေး လုပ်ငန်းများအတွက် လိုအပ်သည့်စားကျက်မြေများဖြစ်ပေါ်လာစေရေး ယခုကတည်းက ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ထားရန်လိုကြောင်း၊ နေရာအကျယ်အဝန်းများစွာမယူသည့် ခေတ်မီမွေးမြူရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ကြရမည်ဖြစ်ကြောင်းနှင့် လမ်းပန်းဆက်သွယ်မှုလွယ်ကူရေး၊ လမ်းများကောင်းမွန်ရေးတို့အတွက် လိုအပ်သည်များကိုမှာကြားရာသမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြို့တော်ဝန်၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်တို့က မြို့ပြစနစ်တွင် ပါဝင်သင့်သည့်အချက်များ ပါဝင်နိုင်ရေး၊ ရေစွန့်ထုတ်သည့်စနစ် ကောင်းမွန်စေရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းဖော်ဆောင်ရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့်အခြေအနေများကို အကြံပြုဆွေးနွေးတင်ပြကြသည်။ အကြံပြုတင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များပြန်လည်ဆွေးနွေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်းအိမ်ရာအတွင်း နေထိုင်လျက်ရှိသည့် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး အိမ်ရာတည်ဆောက်ရေးစီမံကိန်းအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မြန်မာ့သားကောင်း စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်)ကို ၂၀၁၇ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကာ တပ်မတော်မှ အငြိမ်းစားယူပြီး ရန်ကုန်မြို့တွင် အခြေချနေထိုင်လိုသူများအတွက် စစ်မှုထမ်းဟောင်းမြို့အဖြစ် ရည်ရွယ်တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ အိမ်ရာတွင်နေထိုင်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် စားဝတ်နေရေးတို့တွင် လိုအပ်နိုင်သည့်အခြေခံလိုအပ်ချက်များကို ထည့်သွင်းတွက်ချက်ပြီး မြို့ပြစီမံကိန်းအသွင် တည်ဆောက်လျက်ရှိကြောင်း၊ ဆေးရုံ၊ စာသင်ကျောင်း၊ စာကြည့်တိုက်တို့ကိုလည်း ထည့်သွင်းတည်ဆောက်ထားပြီး စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များအား နေရာချထားပေးလျက်ရှိကာ အိမ်ရာစီမံကိန်းကို ဆက်လက်အကောင်အထည်ဖော် တိုးချဲ့တည်ဆောက်လျက်ရှိသည်။

■ ■ ■

# မြန်မာ့မီးရထားစက်ခေါင်းစက်ရုံ (အင်းစိန်) လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

( ၂၇ - ၅ - ၂၀၂၂ )






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မေလ ၂၇ ရက်နေ့နံနက်ပိုင်းတွင် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ အင်းစိန်မြို့နယ်ရှိ မြန်မာ့မီးရထား၊ စက်ခေါင်းစက်ရုံ(အင်းစိန်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မြန်မာ့မီးရထား၊ စက်ခေါင်းစက်ရုံ(အင်းစိန်)သို့ရောက်ရှိကြရာ စက်ရုံအစည်းအဝေးခန်းမတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူး သူရဦးအောင်မျိုးမြင့်တို့က စက်ခေါင်းစက်ရုံ (အင်းစိန်) သမိုင်းအကျဉ်း၊ ရည်မှန်းချက်တာဝန်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေ၊ မီးရထားစက်ခေါင်းများ ထုတ်လုပ်တပ်ဆင်နိုင်မှု၊ ပြုပြင်ထိန်းသိမ်းနိုင်မှု၊ စက်ခေါင်းစွမ်းအားမြှင့်တင်မှု၊ စက်ခေါင်းအရံပစ္စည်းများထုတ်လုပ်နိုင်မှုအခြေအနေ၊ ရေနွေးငွေ့စက်ခေါင်းများ အကြီးတန်းပြုပြင်ပြီးစီးမှုနှင့် စမ်းသပ်မောင်းနှင်ပြေးဆွဲနိုင်မှုအခြေအနေ၊ စက်ရုံဝန်ထမ်းများအရည်အသွေး ပြည့်ဝစေရေးအတွက် သင်တန်းများတက်ရောက်စေမှု၊ စက်ရုံအလုပ်ရုံခွဲများအလိုက်လုပ်ငန်းများဆောင်ရွက်နေမှု၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ထားရှိမှု၊ မီးဘေးအန္တရာယ်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**အဓိကကျသည့်ပို့ဆောင်ရေးစနစ်တစ်ခု**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရထားပို့ဆောင်ရေးစနစ်သည် တိုင်းပြည်တစ်ခု၏ အဓိကကျသည့် ပို့ဆောင်ရေးစနစ်တစ်ခုပင်ဖြစ်ကြောင်း၊ စက်ခေါင်းများပြင်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ပြုပြင်ခြင်းလုပ်ငန်းများအဆင့်ဆင့်ဆောင်ရွက်မှုကို မှတ်တမ်းဓာတ်ပုံများဖြင့် စနစ်တကျမှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ စက်ခေါင်းများဝယ်ယူချိန်မှစ၍ အသုံးပြုမှုနှင့်ပြုပြင်ထိန်းသိမ်းမှုများကို စက်ခေါင်းတစ်ခုချင်းအလိုက် သမိုင်းမှတ်တမ်းများ ပြည့်စုံစွာဖြင့်ပြုစုထားရှိရန်လိုကြောင်း၊ စက်ခေါင်းများသည် တန်ဖိုးအားဖြင့်

> မိမိတို့နိုင်ငံတွင်လျှပ်စစ်ရထားများ ပြေးဆွဲနိုင်ရေး သုတေသနပြုဆောင်ရွက်ရန်လို၊ ထိုမှတစ်ဆင့် တစ်နိုင်ငံလုံးရှိ အဓိကကျသည့် နေရာများကို လျှပ်စစ်ရထားအသုံးပြုပြေးဆွဲနိုင်ရေး အဆင့်ဆင့်ကြိုးပမ်းဆောင်ရွက်သွားရန်လို၊ မီးရထားစက်ခေါင်းများနှင့် ရထားတွဲများ ကောင်းမွန်ရန်လိုသကဲ့သို့ ရထားလမ်းများ စနစ်တကျဖြင့် ကောင်းမွန်ချောမွေ့မှု ရှိစေရေးကိုလည်း အမြဲမပြတ် ဆောင်ရွက်နေရန်လို။

များစွာကြီးမားသည့်ပစ္စည်းများဖြစ်သဖြင့် ပြုပြင်ထိန်းသိမ်းခြင်းနှင့် စွမ်းရည်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် အတတ်နိုင်ဆုံးအကောင်းဆုံးဖြစ်စေရေး ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ ယခုအခါ ခေတ်ကာလအရနိုင်ငံတကာတွင် မီးရထားများကို လျှပ်စစ်ဓာတ်အားအသုံးပြု၍ ပြေးဆွဲနေကြသဖြင့် မိမိတို့နိုင်ငံတွင်လည်း လျှပ်စစ်ရထားများပြေးဆွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် လျှပ်စစ်ရထားများ ပြေးဆွဲနိုင်ရေးလိုအပ်သည့်လျှပ်စစ်ဓာတ်အားသုံးစက်ခေါင်းများထုတ်လုပ်နိုင်ရေး နိုင်ငံတကာမှနည်းပညာများကိုလေ့လာ၍ ပြည်တွင်း၌ထုတ်လုပ်နိုင်သည့် ပစ္စည်းများနှင့်ပြည်ပမှဝယ်ယူရမည့် ပစ္စည်းများကိုပေါင်းစပ်၍ ပထမခြေလှမ်းအနေဖြင့် ဒီဇယ်လျှပ်စစ်သုံး (DEMU) စက်ခေါင်းများ တည်ဆောက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ ဒီဇယ်လျှပ်စစ်ရထားစက်ခေါင်းများမှတစ်ဆင့် လျှပ်စစ်ရထား(EMU)အထိ ပြေးဆွဲနိုင်ရေးကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရန်လိုကြောင်း၊ ယခုရန်ကုန်မြို့ပတ်ရထားလမ်းတွင် ဒီဇယ်လျှပ်စစ်သုံးရထားများအသုံးပြု၍ မြို့ပတ်ရထားများပြေးဆွဲနေပြီး မိမိတို့နိုင်ငံတွင်လျှပ်စစ်ရထားများပြေးဆွဲနိုင်ရေး သုတေ သနပြုဆောင်ရွက်ရန်လိုကြောင်း၊ ထိုမှတစ်ဆင့် တစ်နိုင်ငံ လုံးရှိ အဓိကကျသည့်နေရာများကို လျှပ်စစ်ရထားအသုံး ပြုပြေးဆွဲနိုင်ရေး အဆင့်ဆင့်ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ မီးရထားစက်ခေါင်းများနှင့် ရထားတွဲများကောင်းမွန်ရန်လိုသကဲ့သို့ ရထားလမ်းများစနစ်တကျဖြင့် ကောင်းမွန်ချောမွေ့မှုရှိစေရေးကိုလည်း အမြဲမပြတ်ဆောင်ရွက်နေရန်လိုကြောင်း၊ တစ်နိုင်ငံလုံးလျှပ်စစ်စက်ခေါင်းများဖြင့်ပြေးဆွဲနိုင်ရေး အဓိကထားရည်မှန်းဆောင် ရွက်ရမည်ဖြစ်သဖြင့် မီးရထားစက်ခေါင်းစက်ရုံ(အင်းစိန်) အနေဖြင့် လျှပ်စစ်စက်ခေါင်းငယ်များမှစ၍ သုတေသနပြုထုတ်လုပ်ပြီး ယင်းမှတစ်ဆင့် အဆင့်မြှင့်တင်ခြင်းနှင့် လျှပ်စစ်စက်ခေါင်းကြီးများ ထုတ်လုပ်ခြင်းလုပ်ငန်းများကို အဆင့်ဆင့်ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက်ရုံဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ရာ မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူးက လက်ခံရယူသည်။

## လှည့်လည်ကြည့်ရှု

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မီးရထားစက်ခေါင်းစက်ရုံအတွင်း မီးရထားစက်ခေါင်းများထုတ်လုပ်တပ်ဆင်နေမှု၊ ပြုပြင်ထိန်းသိမ်းနေမှု၊ စက်ခေါင်းစွမ်းအားမြှင့်တင်နေမှု၊ ရေနွေးငွေ့စက်ခေါင်းကို ကျောက်မီးသွေးသုံးစက်ခေါင်းအဖြစ်ပြုပြင်နေမှု၊ မီးရထားစက်ခေါင်းအရံပစ္စည်းများ ထုတ်လုပ်ထားရှိမှုအခြေအနေများကိုလှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မြို့ပတ်ဒီဇယ်စက်ခေါင်းရုံသို့ရောက်ရှိပြီး ဂျပန်နိုင်ငံမှရောက်ရှိလာသည့် DEMU ရထားတွဲဆိုင်းအသစ်များကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အင်းစိန်မီးရထားဆေးရုံသို့ရောက်ရှိရာ မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူးနှင့် မြန်မာ့မီးရထားဆေးမှူးချုပ်

ဒေါက်တာသန်းမင်းထွဋ်တို့က ဆေးရုံ၌ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ အငြိမ်းစားဝန်ထမ်းများနှင့် ဒေသခံ ပြည်သူများကို နေ့စဉ်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်း များ ဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေ၊ ဆေးရုံတွင် ကျန်းမာရေးဝန်ထမ်းများ လိုအပ်လျက်ရှိမှုနှင့် ကျန်းမာ ရေး အထောက်အကူပြုပစ္စည်းများ လိုအပ်လျက်ရှိမှုအခြေအနေများကိုရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များမေးမြန်းပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအတွက် လိုအပ်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများနှင့် အထောက်အကူပြုပစ္စည်းများကို အတတ်နိုင်ဆုံး ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည် ပြောကြားသည်။

**စားသောက်ဖွယ်ရာများပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆေးရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်ရောက်ကုသလျက်ရှိသည့်လူနာများအား ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားသည်။

■ ■ ■

# ဆင္ဘသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး အကြီးစားပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

( ၂၇ - ၅ - ၂၀၂၂ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြို့တော်ဝန်နှင့်တာဝန်ရှိသူများလိုက်ပါ၍ မေလ ၂၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး အကြီးစားပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုသွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်အား သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကိုကို၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံညွှန်ကြားရေးမှူး ဦးကိုကိုအေးနှင့် ရန်ကုန်တိုင်းဒေသကြီးလမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထင်ကျော်တို့က လိုဏ်ဂူတော်ကြီးအကြီးစားပြင်ဆင်မွမ်းမံခြင်းလုပ်ငန်း အဆင့်ဆင့်ဆောင်ရွက်နေမှုအခြေအနေနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ကမ္ဘာအေးဟံသာသီရိကုန်းမြေရှိ သာသနိကအဆောက်အဦကျောင်းဆောင် ၆ ဆောင် အဆင့်မြှင့်တင်မွမ်းမံခြင်း၊ မြေပြုပြင်ခြင်း၊ နေရာရှင်းဆောင်ရွက်ခြင်းနှင့် လမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

**မှာကြား**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က မဟာပါသာဏလိုဏ်ဂူသည် သမိုင်းဝင်သာသနာ့အဆောက်အဦဖြစ်သဖြင့် လိုဏ်ဂူတော်ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်

စနစ်တကျပြင်ဆင်ထိန်းသိမ်းရန်လိုအပ်ပြီး ရေအသုံးချနိုင်မှုနှင့်မီးစနစ်များစနစ်တကျရှိရန်လိုကြောင်း၊ ယခုပြီးစီးမှုအခြေအနေများကိုလည်း မိုးကာလအတွင်းကြည့်ရှု၍ လိုအပ်သည်များဆက်လက်ဆောင်ရွက်ရန်လိုကြောင်း၊ ဟံသာသီရိကုန်းမြေရှိ သာသနိကအဆောက်အဦကျောင်းဆောင်များ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ရေရှည်တည်တံ့စေရေးစနစ်တကျဆောင်ရွက်ရန်နှင့် ဆရာတော်ကြီးများ စိတ်အေးချမ်းသာစွာဖြင့် သီတင်းသုံးနိုင်ရန်လိုကြောင်း၊ အဆောက်အဦများပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးချိန်မှသာလျှင် လမ်းများအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကိုဆောင်ရွက်ရန်လိုပြီး ရေစီးရေလာကောင်းမွန်ရန်နှင့်လမ်းပခုံးများကို စနစ်တကျဆောင်ရွက်ထားရှိမှသာလမ်း၏ကြံ့ခိုင်မှုကို ရေရှည်ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်းမှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် လိုဏ်ဂူတော်ကြီးအကြီးစားပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီးတာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြား၍ လိုဏ်ဂူတော်ကြီး၏အပေါ်ဆုံးထပ်ရှိဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိသာသနိကအဆောက်အဦများ၊ ဟံသာသီရိကုန်းတော်ရှိ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများလာရောက်စဉ် ခေတ္တသီတင်းသုံးသည့်အဆောင်များနှင့်လမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည့်အခြေအနေများကို မော်တော်ယာဉ်များဖြင့်လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးသည် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေပေါ်တွင်တည်ရှိပြီး ၁၉၅၃ ခုနှစ်တွင် ပန္နက်တော်တင် အုတ်မြစ်တော်စီခဲ့ကြောင်း၊ ဆောက်လုပ်ရေးအရာရှိနှင့် လုပ်သားပေါင်း ၁၄၈၆ ဦးနှင့် လုပ်အားပေးကုသိုလ်ရှင်ပေါင်း ၃၃ သိန်းကျော်တို့ဖြင့် ဆောက်လုပ်ခဲ့ရာ ရက်ပေါင်း ၃၉၆ ရက် ကြာမြင့်ခဲ့ပြီး ၁၉၅၄ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် တည်ဆောက်ပြီးစီးခဲ့ကြောင်း၊ လိုဏ်ဂူတော်ကြီးအတွင်း သမိုင်းဝင်ဆဋ္ဌသင်္ဂါယနာတင်ခြင်းကို ထေရဝါဒဗုဒ္ဓဘာသာဝင်နိုင်ငံမှ သံဃာတော် အပါး ၂၅၀၀ ဖြင့် ၁၉၅၄ ခုနှစ်၊ မေလ ၁၇ ရက်မှ ၁၉၅၆ ခုနှစ်၊ မေလ ၂၂ ရက်အထိ ၂ နှစ်နှင့် ၅ ရက်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ကြောင်း၊ အခြားသောဗုဒ္ဓ ဘာသာနှင့်သက်ဆိုင်သည့်အခမ်းအနားကြီးများကိုလည်းကျင်းပပြုလုပ်ခဲ့ကြောင်း၊ ယခုအခါ လိုဏ်ဂူတော်ကြီး၏ သက်တမ်းမှာ ၆၈ နှစ် ရှိပြီဖြစ်ပြီး ယိုယွင်းပျက်စီးမှုများဖြစ်ပေါ်လာသဖြင့် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၈ ရက်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်လာရောက်စစ်ဆေးစဉ် အကြီးစားပြင်ဆင်မွမ်းမံခြင်းများဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်းသိရှိရသဖြင့်အကြီးစားပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

■ ■ ■

# ရန်ကုန်တိုင်းစစ်ဌာနချုပ် စိုက်ပျိုးမွေးမြူရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်ပြောကြားသည့်အမှာစကား

( ၂၇ - ၅ - ၂၀၂၂ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မေလ ၂၇ ရက်နေ့နံနက်ပိုင်းတွင် ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါ၍ အင်းစိန်မြို့နယ်ရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အမှတ်(၁) စိုက်ပျိုးမွေးမြူရေးစခန်းသို့ရောက်ရှိကြပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် ဟင်းသီးဟင်းရွက်များ၊ မှိုနှင့်ကြက်ဥများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးက ရန်ကုန်တိုင်းစစ်ဌာနချုပ် စိုက်ပျိုးမွေးမြူရေးခြံများတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ ထွက်ရှိလာသည့် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ ကြက်ဥနှင့်နွားနို့များကို အရာရှိ စစ်သည်မိသားစုများနှင့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိသည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်စေခြင်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူဦးရေ ၇ သန်းကျော် ၈ သန်းခန့်အား အသားငါးနှင့်ဟင်းသီးဟင်းရွက်များ ဈေးနှုန်းသက်သာစွာဖြင့် ဖူလုံပေါများစွာ စားသုံးနိုင်စေရေးအထောက်အကူပြုစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တပ်မတော်သားများအပြင် နိုင်ငံ့ဝန်ထမ်းများအား ပြင်ပ

**တိုင်းဒေသကြီးအတွင်း နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူလူထုတို့ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေး တိုင်းစစ်ဌာနချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရန်လို၊ ပုဂ္ဂလိက စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက်လည်း အားပေးဆောင်ရွက်ရန်လို၊ စိုက်ပျိုးရေးကိုအခြေခံသည့် မွေးမြူရေးလုပ်ငန်း များကိုဆောင်ရွက်ပြီး တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်အကျိုးပြုနိုင်ရမည်ဖြစ်။**

ပေါက်ဈေးထက်သက်သာစွာရောင်းချပေးနိုင်ရမည်ဖြစ်ပြီး ပြည်သူများကိုလည်း ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနိုင်မည်ဆိုပါက အကျိုးရှိစေနိုင်မည်ဖြစ်ကြောင်း၊ အမြတ်ကိုအဓိကမထားဘဲ သက်သာချောင်ချိရေးကို ဦးစားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ မွေးမြူရေး ဆောင်ရွက်ရာတွင် မွေးမြူရေးသုတေသနအဖွဲ့များနှင့် တိုင်ပင်ဆွေးနွေး၍ ကျန်းမာရေးနှင့်ညီညွတ်သည့် ထုတ်ကုန်များရရှိအောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ တိုင်းဒေသကြီးအတွင်း နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူလူထုတို့စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေး တိုင်းစစ်ဌာနချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်လိုကြောင်း၊ ပုဂ္ဂလိကစိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အားပေးဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေးကိုအခြေခံသည့် မွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်ပြီးတစ်ဖက်နှင့် တစ်ဖက် အပြန်အလှန်အကျိုးပြုနိုင်ရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်များနည်းပါးမည်ဆိုပါက စိုက်ပျိုးမွေးမြူရေး အခြေခံစားကုန်များ ဈေးသက်သာစွာဖြင့် ရရှိနိုင်မည်ဖြစ်သဖြင့် တိုင်းစစ်ဌာနချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ အောင်မြင်အောင်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင် ဒေသတွင်းဖူလုံမှုရရှိပါက ပြင်ပဒေသများနှင့်ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေး အေးခဲအသားငါးများ၊ အသားခြောက်များနှင့် အဆင့်မြင့် ထုတ်ကုန်များထုတ်လုပ်၍ တင်ပို့ရောင်းချနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် စိုက်ပျိုးမွေးမြူရေးခြံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ခံများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

■ ■ ■

# “ဝ”ပြည် သွေးစည်းညီညွတ်ရေးပါတီ UWSP မှ ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကုနှင့် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ တွေ့ဆုံဆွေးနွေးစဉ် ပြောကြားသည့်အမှာစကား

( ၃၀ - ၅ - ၂၀၂၂ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် “ဝ” ပြည် သွေးစည်းညီညွတ်ရေးပါတီ UWSP မှ ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား မေလ ၃၀ ရက်နေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာညှော်ခန်းမဆောင်၌ တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးသည်။

အဆိုပါ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့ တက်ရောက်ကြပြီး “ဝ” ပြည် သွေးစည်းညီညွတ်ရေးပါတီ UWSP မှ ဒုတိယဥက္ကဋ္ဌနှင့်အတူ ပြင်ပဆက်ဆံရေးဒုဌာနကြီးမှူး ဦးပေါက်အိုက်ကော်နှင့် ပြင်ပဆက်ဆံရေးဌာန၊ လားရှိုးမြို့ ဆက်ဆံရေးတာဝန်ခံ ဦးညီရန်းတို့ တက်ရောက်ကြသည်။

**ဆွေးနွေးပြောကြား**

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ငြိမ်းချမ်းမှုရှိမှသာလျှင် ဒေသတည်ဆောက်ရေး တိုင်းပြည်တည်ဆောက်ရေးကို ပိုမိုသွက်လက်စွာဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် တိုင်းပြည်၏လိုအပ်ချက်၊ ဒေသခံတိုင်းရင်းသားတို့၏ လိုအပ်ချက်များနှင့် မိမိဒေသဖွံ့ဖြိုးတိုးတက်ရေး

မှစ၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်စဉ်းစား လုပ်ဆောင်သွားရန် လိုအပ်သည့်အခြေအနေများ၊ ဒေသ တည်ငြိမ်အေးချမ်းရေး၊ ပညာရေး၊ ကျန်းမာရေးတို့ကို ပူးပေါင်းဆောင်ရွက်ပြီး ဒေသခံများ၏ လိုအပ်ချက်များ ကိုဖြည့်ဆည်းဆောင်ရွက်နိုင်မှသာလျှင် ဒေသဖွံ့ဖြိုးတိုးတက် ရေးကို ပိုမိုအထောက်အကူဖြစ်စေနိုင်မည့်အခြေအနေ၊ ပြည်သူလူထုဆန္ဒနှင့်ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးဆောင်ရွက်ရေးဆိုင်ရာကိစ္စ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသည့်ပြည်ထောင်စုစနစ် တည်ဆောက် ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် “ဝ” ပြည် သွေးစည်းညီညွတ်ရေးပါတီ UWSP မှ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက **ပါတီစုံဒီမိုက ရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်ကို အခြေခံ သည့်ပြည်ထောင်စုစနစ် တည်ဆောက်ရေးနှင့် ပတ်သက်၍ “ဝ” ပြည် သွေးစည်းညီညွတ်ရေးပါတီ UWSP မှ သဘော တူညီကြောင်းနှင့် သဘောထားတူညီချက်အမြင်များကို ပြန်လည်ဆွေးနွေးပြီး** ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ များကို တင်ပြသည်။ ယင်းနောက် ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေး ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က “ဝ” ပြည် သွေးစည်းညီညွတ်ရေးပါတီ UWSP မှ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ရာ “ဝ” ပြည် သွေးစည်းညီညွတ်ရေးပါတီ UWSP မှ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဒေသထွက်လက်ဆောင် ပစ္စည်းများ ပြန်လည်ပေးအပ်သည်။ ထို့နောက် စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ “ဝ” ပြည် သွေးစည်းညီညွတ်ရေးပါတီ UWSP မှ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့သည် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီမှ ဖွဲ့စည်းပေးထားသည့် ကောင်စီ ဝင်များပါဝင်သည့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်း ရေးကော်မတီတို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်သွားမည် ဖြစ်သည်။

■ ■ ■

# ၂၀၂၂ ခုနှစ်၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ပြောကြားသည့်အမှာစကား

( ၃၁ - ၅ - ၂၀၂၂ )




၂၀၂၂ ခုနှစ်၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို မေလ ၃၁ ရက်နေ့နံနက် ၇ နာရီတွင် နေပြည်တော် ဒက္ခိဏခရိုင်၊ လယ်ဝေးမြို့နယ် ရန်အောင်မြင်ကြိုးဝိုင်း အကွက်(၁၃)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ခရေပျိုးပင်ကို ဦးဆောင် စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ ကောင်စီအတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ သစ်တောနှင့် ပတ်ဝန်းကျင် ဆိုင်ရာတက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများနှင့်တာဝန်ရှိသူများတက် ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ၂၀၂၂ ခုနှစ်၊ မိုးရာသီသစ်ပင် စိုက်ပျိုးပွဲအခမ်းအနားကို သစ်တောသယံဇာတများ ရေရှည် တည်တံ့စေရန်၊ ဂေဟာစနစ်ထိန်းသိမ်းနိုင်စေရန်နှင့် သစ်တော ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများ တက်ကြွ စွာ ပူး ပေါင်း ပါ ဝ င် လာ စေ ရန် ရည် ရွယ် ကျ င်း ပ ခြ င်း ဖြစ်ကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၅ ၌ "နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်

ရမည်”ဟု အခြေခံမူချမှတ်ထားပြီး နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များ၊ ပုဒ်မ ၃၉၀ ၌ နိုင်ငံသားတိုင်းသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်းကိစ္စရပ်များတွင် နိုင်ငံတော်အားကူညီရန်တာဝန်ရှိကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံသူ၊ နိုင်ငံသားတိုင်းသည် တစ်ဦးချင်းအနေဖြင့်သာမက တစ်နိုင်ငံလုံးအနေဖြင့်ပါ သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးကို တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အသိပေးမှာကြားလိုကြောင်း။

သစ်တောသစ်ပင်များ စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းသည် ဂေဟစနစ် ပြန်လည်ကောင်းမွန် ရှင်သန်ရေးနှင့် နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် လုပ်ငန်းဖြစ်သည့်အတွက် အမျိုးသားအဆင့် လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယခင်နှစ်များတွင် သစ်ပင်စိုက်ပျိုးပွဲတော်များကို မိုးရာသီဖြစ်သည့် ဇွန်လ၊ ဇူလိုင်လများတွင်သာ ကျင်းပခဲ့သည် ဖြစ်သော်လည်း ယခုနှစ်တွင် မိုးဦးကျစောပြီး ရာသီဥတု ပြောင်းလဲလာခြင်းကြောင့် မေလအတွင်းမှ စပြီး မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲတော်များ ဒေသအသီးသီးတွင် ဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ ဇွန်နှင့် ဇူလိုင်လများတွင်လည်း နိုင်ငံနှင့်အဝန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် သစ်ပင်စိုက်ပွဲတော်များကို ဆက်လက်ကျင်းပသွားကြရန် မှာကြားလိုကြောင်း။

သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းစိုသာယာလှပစေပြီး အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်ကြောင်း၊ သစ်တောသစ်ပင်များနှင့် သစ်တောဂေဟစနစ်သည် လူသန်းပေါင်းများစွာ၏ လိုအပ်သည့် အစားအစာ၊ သစ်၊ ဝါး၊ ကြိမ်၊ ဆေးဖက်ဝင်ပင် အစရှိသည့် သစ်တောထွက်ပစ္စည်းအမျိုးမျိုးကို ထောက်ပံ့ပေးနေသကဲ့သို့ ရာသီဥတုပြောင်းလဲမှုကိုလည်း ထိန်းညှိပေးကြောင်း၊ ထို့အပြင် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးခြင်း၊ လေထုအတွင်းမှ ကာဗွန်ကို စုပ်ယူသိုလှောင် ဖယ်ရှားပေးခြင်း၊ ရေနှင့်လေကို သန့်စင်ပေးခြင်း၊ မြေတိုက်စားမှု၊ မြေပြိုမှုများမှကာကွယ်ပေးခြင်း၊ ဝတ်မှုန်ကူးပေးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝစေခြင်း၊ မြေဆီမြေနှစ်အဆင့်ဆင့်ဖြစ်ပေါ်စေခြင်းစသည့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများနှင့် အကျိုးကျေးဇူးများစွာကိုလည်း ပံ့ပိုးပေးလျက်ရှိကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်းသည် ဇရပ်တန်ဆောင်း၊ ဂူ၊ ကျောင်း၊ ပြာသာဒ်နှင့် အခြားထာဝရကုသိုလ်များကဲ့သို့ပင် တူညီသည့် ကုသိုလ်အကျိုးကျေးဇူးများကို ရရှိခံစားနိုင်မည်ဖြစ်ကြောင်း။

ယင်းသို့ သစ်ပင်စိုက်ပျိုးကြရာတွင်လည်း တစ်ပင်စိုက်တစ်ပင်ရှင်သန်စေရန် အရေးကြီးပြီး စိုက်သမျှ သစ်ပင်ရှင်သန်စေရန်အတွက် အောင်လုံသန်စွမ်းသည့် သက်တမ်းရင့် ပျိုးပင်များဖြစ်ရန် အရေးကြီးသည့်အတွက် ပျိုးသက် နှစ်နှစ်သားနှင့်အထက်၊ အမြင့် နှစ်ပေအထက် သစ်ပင်များရရှိအောင် ဆောင်ရွက်ရန်ဖြစ်ကြောင်း။

သစ်စေ့မှ စိုက်ပျိုးနိုင်သည့် အမြင့်(၂)ပေနှင့်အထက် အရွယ်ပျိုးပင်တစ်ပင်ဖြစ်လာသည်အထိ အချိန်၊ ငွေ၊ လုပ်အားများစွာ အရင်းအနှီးစိုက်ထုတ်ခဲ့ရသည်ဖြစ်သည့်အတွက် တစ်ပင်စိုက် တစ်ပင်ရှင်၊ စိုက်သမျှအပင် ရှင်သန်စေရေး၊ အကျိုးရှိစေရေး ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများစဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန်လိုကြောင်း။

သစ်ပင်စိုက်ပျိုးချိန်မှစပြီး ရေလောင်းခြင်း၊ ပေါင်းရှင်းခြင်း၊ ခါးဆွခြင်း၊ မီးဘေးကာကွယ်ခြင်း၊ ကျွဲနွားတိရစ္ဆာန်များဖျက်ဆီးခြင်းမရှိအောင် ကာကွယ်ခြင်းစသည့် ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို ရာသီအလိုက် ဆက်လက်လုပ်ဆောင်မှသာ စိုက်ပျိုးပြီးအပင်များ ရာနှုန်းပြည့် ရှင်သန်မှီခိုအားထားနေကြ။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်သည်နှင့်အညီ ထင်း၊ မီးသွေးကို လောင်စာအဖြစ် အသုံးပြုကြဆဲ ဆိုသည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း၊ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်း ခန့်သည် ကျေးလက်ဒေသများတွင်နေထိုင်ကြပြီး ချက်ပြုတ်စားသောက်ရန်အတွက် အများစုသည် ထင်းကိုအဓိကထား သုံးစွဲကြသည်ဖြစ်သည့်အတွက် သဘာဝသစ်တောများအပေါ် မှီခိုအားထားနေကြကြောင်း၊ ယင်းကိုလျှော့ချရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကျေးရွာပိုင်ထင်းစိုက်ခင်းများကို တစ်ရွာလျှင် အနည်းဆုံး နှစ်ဧက စိုက်ပျိုးတည်ထောင်ကြရန် မှာကြားခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန် လမ်းညွှန်ခဲ့သကဲ့သို့ သစ်ပင်စိုက်ပျိုးရေးကိုလည်း တွန်းအားပေး

ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၁ ခုနှစ်၊ မိုးရာသီတွင် နိုင်ငံပိုင်သစ်တောစိုက်ခင်း (၂၈,၇၁၅)ဧက၌ အပင် (၂၃,၉၇၃,၀၅၁)ပင် စိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင် နိုင်ငံပိုင် သစ်တောစိုက်ခင်း (၂၄,၂၆၉) ဧက၌ အပင်ပေါင်း သန်း ၂၀ ခန့် စိုက်ပျိုးသွားရန် စီမံထားသည်ဟု သိရှိရကြောင်း။

နိုင်ငံအတွင်း ဖောက်လုပ်ထားသည့် ဆက်သွယ်ရေး လမ်းဘေး ဝဲ/ယာ စိမ်းလန်းစိုပြည်ရေးနှင့် ခရီးသွားပြည်သူ လူထုအနေဖြင့် စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ရေး အတွက် တောပါးနေရာများ၌ သစ်တောကွက်များ စနစ် တကျစိုက်ပျိုးနိုင်ရေး ဆောင်ရွက်ခဲ့ရာတွင် ၂၀၂၁ ခုနှစ် က လမ်းပိုင်း(၆၆၃)ပိုင်းမှာ အပင်ပေါင်း (၂၇၈,၅၇၃)ပင် စိုက်ပျိုးခဲ့ပြီး ယခု ၂၀၂၂ ခုနှစ် မိုးရာသီ၌ လမ်းပိုင်း (၈၅၉) ပိုင်းတွင် အပင်ပေါင်း ၂ သိန်း ၅ သောင်းကျော် စိုက်ပျိုး သွားကြမည်ဖြစ်ကြောင်း။

ထို့အပြင် စိုက်ပျိုးပြီးသည်နှင့် မလုံလောက်ဘဲ ရှင်သန်ကြီးထွားအောင် ထိန်းသိမ်းစောင့်ရှောက်ရန် လည်း လိုအပ်ကြောင်း၊ စိုက်ပျိုးပြီး အပင်များကိုလည်း တစ်ပင်စိုက်တစ်ပင်ရှင်စနစ်ဖြင့် အောင်မြင်အောင် ဆောင် ရွက်ရန် ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရမည်ဖြစ် ပြီး ပြည်သူအားလုံးကလည်း ပူးပေါင်းပါဝင် ဆောင်ရွက် ရန် လိုကြောင်း။

**သစ်တောများ ပိုမိုပျက်စီးလာ**

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ၂၀၀၀ ပြည့်နှစ် သစ်တောသယံဇာတ ဆန်းစစ်လေ့လာ ခြင်း အစီရင်ခံစာအရ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်း မှုသည် နိုင်ငံဧရိယာ၏ ၅၁ ဒသမ ၅၄ ရာခိုင်နှုန်း၊ ၂၀၁၀ ပြည့်နှစ် အစီရင်ခံစာတွင် သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံ ဧရိယာ၏ ၄၆ ဒသမ ၉၆ ရာခိုင်နှုန်း၊ ၂၀၁၅ ခုနှစ် သစ်တော ဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်း နှင့် ၂၀၂၀ ပြည့်နှစ် အစီရင်ခံစာတွင် သစ်တောဖုံးလွှမ်း မှုသည် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်း ရှိသော ကြောင့် တဖြည်းဖြည်းနှင့် သစ်တောဖုံးလွှမ်းမှုဧရိယာ လျော့နည်းလာပြီး သစ်တောများ ပိုမိုပျက်စီးလာသည် ကို စိစစ်တွေ့ရှိရကြောင်း။

သစ်တောပြုန်းတီးခြင်း၏ နောက်ဆက်တွဲ ဆိုးကျိုး များအနေဖြင့် ရာသီဥတု ဆိုးရွားစွာပြောင်းလဲလာခြင်း၊ မြစ်၊ ချောင်း၊ ကန်များညစ်ညမ်းလာပြီး ရေချိုများခမ်း

> **မိမိတို့အတွက်သာမက**
> **အနာဂတ်မျိုးဆက်သစ်များအတွက်**
> **သစ်ပင်သစ်တောများနှင့် ပိုမိုစိမ်းလန်း**
> **စိုပြည်သည့် ကျန်းမာသော၊**
> **ပျော်ရွှင်ဖွယ်ကောင်းသော၊ စဉ်ဆက်မပြတ်**
> **ဖွံ့ဖြိုးတိုးတက်နေသော၊**
> **သန့်ရှင်းကောင်းမွန်သော မြို့ပြများကို**
> **ထာဝရကောင်းမွန်နေသောအမွေအဖြစ်**
> **ပေးနိုင်ရန် ကြိုးစားလုပ်ဆောင်နေခြင်းပင်ဖြစ်။**

ခြောက်လာခြင်း၊ ကမ်းခြေများနှင့် ပင်လယ်သမုဒ္ဒရာ ပျက်စီး ယိုယွင်းခြင်း၊ တောင်ပေါ်ဒေသ မြေဆီလွှာများ ပြုန်းတီး ခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်း ပျောက်ဆုံးခြင်း စသည့်ဂေဟစနစ်များ ယိုယွင်းပျက်စီးမှုများနှင့်အတူ လူသားများ အသက်ရှင်ရပ်တည်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများနှင့် ထိခိုက်မှုများ ဖြစ်ပေါ်စေခဲ့ကြောင်း။

တစ်ဖက်က သစ်ပင်များ စိုက်ပျိုးခြင်း၊ သစ်တော စိုက်ခင်းများတည်ထောင်ခြင်းတို့ကို အရှိန်အဟုန်နှင့် ဆောင်ရွက်နေသကဲ့သို့ ၂၀၂၁-၂၀၂၂ ခုနှစ် (Mini-budget) နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တို့တွင် သစ်ထုတ်လုပ်မှုကို ရပ်ဆိုင်းထားပြီး သဘာဝတောများ ပြန်လည်ထိန်းသိမ်း ရေးလုပ်ငန်းများကိုလည်း တွန်းအားပေး ဆောင်ရွက်လျက် ရှိကြောင်း၊ ထို့အပြင် သစ်အလုံးလိုက်နှင့် ခွဲသား ပြည်ပသို့ ရောင်းချခြင်းကိုလည်းခွင့်မပြုဘဲ ကုန်ချောထုတ်လုပ်ပြီး မှသာ တင်ပို့ရောင်းချရေး ထိန်းသိမ်းဆောင်ရွက်နေကြောင်း။

**အဓိကထားဆောင်ရွက်နေ**

နေပြည်တော်ကောင်စီနယ်မြေသည် နိုင်ငံတော်၏ မြို့တော်ဖြစ်သည်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း များကို အဓိကထား ဆောင်ရွက်နေသည် ဖြစ်သည့်အတွက် Green City၊ Clean City၊ Smart City အဖြစ် တိုးတက် အောင်ဆောင်ရွက်ပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ် များ၏ စံပြနယ်မြေတစ်ခုဖြစ်လာအောင် ကြိုးပမ်းဆောင် ရွက်ပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်း သစ်တော

သစ်ပင်များနှင့် စိမ်းလန်းစိုပြည်စေရေး၊ သဘာဝပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးတို့ကိုလည်း အမြော်အမြင်ကြီးစွာဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း။

ယင်းသို့ဆောင်ရွက်နေမှုများသည် မိမိတို့အတွက် သာမက အနာဂတ်မျိုးဆက်သစ်များအတွက် သစ်ပင်သစ်တောများနှင့် ပိုမိုစိမ်းလန်းစိုပြည်သည့် ကျန်းမာသော၊ ပျော်ရွှင်ဖွယ်ကောင်းသော၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နေသော၊ သန့်ရှင်းကောင်းမွန်သော မြို့ပြများကို ထာဝရကောင်းမွန်နေသောအမွေအဖြစ်ပေးနိုင်ရန် ကြိုးစားလုပ်ဆောင်နေခြင်းပင် ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ထိန်းသိမ်းဆောင်ရွက်နေစဉ် ကာလအတွင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပတ်သက်၍ ဆောင်ရွက်လျက်ရှိသည့် မြေပေါ်မြေအောက် သဘာဝသယံဇာတများ ထုတ်ယူသုံးစွဲမှုများကိုလျှော့ချပြီး တိုင်းပြည်၏အရန်သယံဇာတအဖြစ် ထိန်းသိမ်းနိုင်ရေး၊ ရာသီဥတု ပြောင်းလဲဖောက်ပြန်မှု လျှော့ချရေးနှင့် ပြန်လည်မျှတလာစေရေး၊ နိုင်ငံပိုင်သစ်တောများ ရေရှည်တည်တံ့စေရေး၊ ကျေးရွာပိုင်ထင်းစိုက်ခင်းများ တည်ထောင်ရေး၊ ပင်လယ်ကမ်းခြေဒေသများရှိ ဒီရေတောများ ထာဝစဉ်ဖွံ့ဖြိုးတိုးတက်စေရေး စသည့်လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားပြည်သူများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများက ပူးပေါင်းပါဝင်ဆောင်ရွက်ကြခြင်းဖြင့် **“သစ်ပင်စိုက်ပျိုးရေးပွဲတော်များ နိုင်ငံအနှံ့ကျင်းပ၍ စိမ်းလန်းသည့် မြန်မာ့ရေမြေတောတောင်ဖြစ်အောင် ဖန်တီးပုံဖော်ကြရမည်”** ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၂) တွင် ပြောကြားသည့်အမှာစကား

( ၃၁ - ၅ - ၂၀၂၂ )



ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၂)ကို မေလ ၃၁ ရက်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

**တည်ငြိမ်အေးချမ်းရေးအတွက်ဆောင်ရွက်မှု**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်တွင် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကြောင့် ဆူပူမှုများဖြစ်ပေါ်ခဲ့ကာ အချို့ EAO အဖွဲ့များ၏ သွေးထိုးမြှောက်ပင့်ပေးမှုများကြောင့် အကြမ်းဖက်မှုများအထိ ဖြစ်ပေါ်ခဲ့ပြီး ယနေ့အချိန်အထိ ဖြစ်ပေါ်လျက်ရှိကြောင်း၊ သို့သော်အကြမ်းဖက်မှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် အတတ်နိုင်ဆုံးထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ အကြမ်းဖက်မှုများကြောင့် တာဝန်ရှိလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အပြစ်မဲ့ပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ကြောင်း၊ ယခုအခါ အေးချမ်းသည့်အနေအထားသို့ ရောက်ရှိလာပြီဖြစ်ကြောင်း။

**ကိုဗစ်-၁၉ ရောဂါထိန်းချုပ်နိုင်မှု**

နိုင်ငံတစ်ခုသည်ရပ်တန့်နေ၍မရဘဲ ဆောင်ရွက်ရန်ရှိသည်များကို ဆက်လက်ဆောင်ရွက်နေရန်လိုကြောင်း၊ မိမိတို့တာဝန်ယူပြီးနောက်ပိုင်း ကိုဗစ်-၁၉ ကူးစက်မှု ဒုတိယလှိုင်းနှင့် တတိယလှိုင်းတို့ကို ခက်ခဲစွာဖြင့် ကျော်ဖြတ်ခဲ့ရကြောင်း၊ သို့သော် ပြည်သူများ၏ ပူးပေါင်းပါဝင်

ဆောင်ရွက်မှု၊ တာဝန်ရှိသည့် ကျန်းမာရေးဝန်ထမ်းများနှင့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာ စီမံခန့်ခွဲသည့် အဖွဲ့အစည်းအသီးသီး အပင်ပန်းခံဆောင်ရွက်ခဲ့မှုများကြောင့် လက်ရှိအချိန်တွင် ထိန်းသိမ်းနိုင်သည့် အနေအထားကို ရောက်ရှိလာခြင်းပင်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကူးစက်မှုအနေဖြင့် ယခုလ ၃၀ ရက်အထိ မိမိတို့နိုင်ငံတွင် ၈ သန်းကျော်ကို စစ်ဆေးခဲ့ပြီး ပိုးတွေ့ရှိသူအနေဖြင့် ၆၁၃၃၂၆ ဦး တွေ့ရှိခဲ့ကြောင်း၊ သေဆုံးသူအနေဖြင့် ၁၉၄၃၄ ဦးရှိခဲ့ကြောင်း၊ ယခုအခါ ပိုးတွေ့ရာခိုင်နှုန်း ၀ ဒသမ ၁၆ ရာခိုင်နှုန်းသာရှိကြောင်း၊ မေ ၃၀ ရက်တွင် ကမ္ဘာတစ်ဝန်း ကူးစက်မှုလူဦးရေ ၂၅၃၄၆၂ ဦးတွေ့ရှိရပြီး ပိုးတွေ့သူ စုစုပေါင်း ၅၃၁ သန်းကျော်ရှိပြီဖြစ်ကြောင်း၊ နိုင်ငံတကာတွင် မိမိတို့ထက် ပိုမိုခံစားရကြောင်း၊ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်၌ အခက်အခဲဖြစ်ပေါ်နေချိန်တွင် ပြည်တွင်းမှ အဓိကပူးပေါင်းပါဝင်ကူညီဆောင်ရွက်ခဲ့သည့် ပြည်သူလူထုများ မိတ်ဆွေကောင်းပီသစွာဖြင့် အကူအညီပေးခဲ့သည့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ရုရှားနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် အခြားအကူအညီပေးခဲ့သည့်နိုင်ငံများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ဆူပူအကြမ်းဖက်မှု အခက်အခဲ၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအခက်အခဲများကို ဖြေရှင်းဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း။

**ပညာရေးကဏ္ဍ မြှင့်တင်မှု**

ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနိုင်ရေးအတွက် ၂၀၂၁ ခုနှစ်တွင် ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများကြောင့် ပြန်လည်ပိတ်ထားခဲ့ရမှုများလည်း ဖြစ်ပေါ်ခဲ့ကြောင်း၊ အဆိုပါအချိန်တွင် ကျန်းမာရေးဝန်ထမ်းများ၏ CDM ပြုလုပ်မှုများ၊ အကြမ်းဖက် PDF များက အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အခက်အခဲများ ဖြစ်ပေါ်ခဲ့သော်လည်း ၂၀၂၂ ခုနှစ်၊ မတ်လနောက်ဆုံးပတ်အတွင်း အတန်းတင်စာမေးပွဲများကို ကျင်းပပေးနိုင်ခဲ့ကြောင်း၊ ယခုနှစ် ပညာသင်နှစ်တွင် ကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိပြီး ၄ သန်း ၉ သိန်းကျော် အပ်နှံပြီးဖြစ်၍ ဆက်လက်တိုးတက်လာမည့် အခြေအနေတွေ့ရှိရကြောင်း၊ အဆင့်မြင့်ပညာနှင့်ပတ်သက်၍ တက္ကသိုလ်များ၊ ကောလိပ်များကိုလည်း ယခုနှစ်တွင် ပြန်လည်ဖွင့်လှစ်လျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများစွာ ပညာသင်ကြားလျက်ရှိသည်ကိုတွေ့ရှိရကာ ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားရေးအတွက် စိတ်ခတ်ပြင်းပြလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ ငြိမ်းချမ်းစွာ ပညာသင်ကြားနိုင်ရေးနှင့် ပညာပြည့်ဝစွာ သင်ကြားနိုင်ရေးအတွက် လိုအပ်ချက်များကို အစိုးရအနေဖြင့် နည်းလမ်းရှာ၍ ဖြည့်ဆည်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် စီးပွားရေးကောင်းမွန်ရန်လိုအပ်မှုနှင့် ထုတ်ကုန်ပစ္စည်းများ တိုးမြှင့်ရန်လိုအပ်မှု**

နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းစီးပွားရေး လုပ်ငန်းများကိုလည်း ပုံမှန်လည်ပတ်အောင် ဆောင်ရွက်နေရန်လိုကြောင်း၊ နိုင်ငံတကာတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများကြောင့် စီးပွားရေးထိခိုက်မှုများရှိကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ပြည်ပပို့ကုန်နှင့်ပတ်သက်၍ မျှော်မှန်းထားသလောက် တင်ပို့နိုင်ခဲ့ခြင်းမရှိကြောင်း၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများရှိမှသာလျှင် ပြည်ပသို့ ကုန်ပစ္စည်းများ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်သည့် ကုန်ပစ္စည်းများသည်လည်း ဈေးကွက်ဝင်ပြီး အရည်အသွေးကောင်းမွန်မှုရှိရန်လိုကြောင်း၊ နိုင်ငံတစ်ခု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် တိုးတက်မှုများရရှိနိုင်မည်ဖြစ်ကြောင်း၊ အစိုးရတစ်ရပ်အနေဖြင့် ရငွေရရှိမှသာလျှင် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးကို အပြည့်အဝ ကြိုးပမ်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်တွင် ရငွေများနည်းပါးမှုဖြစ်ပေါ်ခဲ့ပြီး နောက်ပိုင်းတွင် ပြန်လည်တိုးတက်မှုများရှိခဲ့ကြောင်း၊ သို့သော် အပြည့်အဝရရှိခြင်းမရှိသေးကြောင်း၊ ရသင့်ရထိုက်သည့် အခွန်အခများရရှိအောင် သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများမှ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ လုပ်ဆောင်ရာတွင် အချို့စက်ပစ္စည်းများသည် သက်တမ်းကြာမြင့်ခြင်း၊ နည်းပညာအရ နောက်ကျခြင်းများရှိသဖြင့် စက်စွမ်းအားပြည့်လည်ပတ်နိုင်မှုမရှိခြင်း၊ သွင်းအားစုများ ပြည့်ဝစွာမရရှိခြင်းတို့ကြောင့် အရည်အသွေးပြည့်မီသည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ခြင်းမရှိသည်ကိုတွေ့ရှိရကြောင်း၊

**နိုင်ငံတစ်ခု၏ ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာ မြှင့်တင်ရေးအတွက် အားကစားကို အားပေးရန်လို၊ လေ့ကျင့်မှုကိုလည်း လုပ်ဆောင်ရမည်ဖြစ်ပြီး လေ့ကျင့်ရေး အထောက်အကူပြုပစ္စည်းများ၊ အားကစား ကွင်းနှင့် အားကစားရုံများကို ကောင်းမွန်စွာ ဖြင့်ဖြည့်တင်းပေးရန်လိုသကဲ့သို့ အာဟာရပြည့်ဝအောင် ကျွေးမွေးရန်လည်း လိုအပ်မည်ဖြစ်။**

မိမိတို့အစိုးရအနေဖြင့် ရရှိသည့်ငွေအင်အားဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ငွေများကို အတတ်နိုင်ဆုံး ချွေတာသုံးစွဲရန်နှင့် မဖြစ်မနေ သုံးစွဲရမည်ဆိုပါက စည်းမျဉ်း၊ စည်းကမ်း ဥပဒေနှင့်အညီ စနစ်တကျဖြင့် စိစစ်သုံးစွဲကြရန်လိုကြောင်း၊ နိုင်ငံ၏ကုန်သွယ်မှုလိုအပ်ချက်အရ အချို့သောပြည်ပသွင်းကုန်တင်သွင်းခြင်းများကို ကန့်သတ်ခဲ့ရကြောင်း၊ သို့သော်စက်သုံးဆီ၊ စားဆီတို့နှင့်ပတ်သက်၍ ကမ္ဘာ့ဈေးကွက်အခြေအနေအရ ဈေးနှုန်းမြင့်တက်ခြင်းများရှိခဲ့သော်လည်း လုံးဝပြတ်လပ်ခြင်းများမရှိအောင် စီမံခဲ့ကြောင်း။

အဆောက်အဦဆောက်လုပ်ရန်အတွက် အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သံမဏိနှင့်ဘိလပ်မြေများ ထုတ်လုပ်နိုင်သည့် ကုန်ကြမ်းပစ္စည်းများရှိကြောင်း၊ အဆိုပါ ကုန်ကြမ်းပစ္စည်းများကို အသုံးချ၍ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် သံနှင့်ဘိလပ်မြေ ထုတ်လုပ်ခြင်းလုပ်ငန်းများကို အသေးစားစက်မှုဇုန်များ ဖော်ဆောင်၍ ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်သဖြင့် ဒေသအတွက် များစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

**ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်ရေး၊ မြေယာအသုံးချမှုနှင့် ကုန်ထုတ်စွမ်းအား တိုးတက်ရန်လိုအပ်မှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေး၊ မြေယာအသုံးချမှုနှင့် ကုန်ထုတ်စွမ်းအားတိုးတက်ရေးတို့နှင့်ပတ်သက်၍ "ပြီးခဲ့တဲ့တစ်လလောက်က ကျွန်တော်ဝန်ကြီးချုပ်များကို ပြောပါတယ်။ ကိုယ့်ရဲ့ ရေမြေသဘာဝကို အသုံးချပြီးတော့ ကုန်ထုတ်လုပ်မှုတွေ တိုးမြှင့်အောင်ဆောင်ရွက်သွားမယ်ဆိုလို့ရှိရင် နိုင်ငံတော်အတွက် များစွာအထောက်အကူရမယ်ဆိုတာလေး ပြောလိုပါတယ်။ အဲ့ဒီတော့ စောစောကပြောတဲ့ ရေခံမြေခံနဲ့ ပတ်သက်တာပေါ့။ ရေတွေ၊ မြေတွေ ကျွန်တော်တို့မှာရှိတယ်။ စိုက်ပျိုးလုပ်ကိုင်နိုင်တဲ့ မြေတွေရှိတယ်။ မွေးမြူရေးလုပ်ကိုင်နိုင်တဲ့ မြေတွေရှိတယ်။ အဲ့ဒီတော့ မကြာခင်ကပဲ ကျွန်တော် နေပြည်တော်ကောင်စီနယ်မြေ ဖွံ့ဖြိုးရေးနဲ့ ပတ်သက်ပြီး သီးခြားအစည်းအဝေးလေး လုပ်ခဲ့ပါတယ်။ အဲ့ဒီမှာ ကျွန်တော်ပြောပါတယ်။ ကျွန်တော်တို့က မြေကို အပြည့်အဝအသုံးချဖို့ ဥပမာ စိုက်ဧက ၃၃ သန်းရှိတယ်။ သီးထပ်သီးညှပ်ပေါင်းလိုက်ရင် ဧက ၄၈ သန်းရှိတယ်။ အဲ့ဒီတော့ သန်းပေါင်း ၁၅ သန်းလောက်က တစ်သီးပဲစိုက်တဲ့အနေအထားရှိတယ်။ ကျန်တာက သီးထပ်သီးညှပ်စိုက်တယ်။ အဲ့ဒီတော့ အဲ့ဒီ ၁၅ သန်းလောက်က ကျွန်တော်တို့က နှစ်သီးစိုက်လို့ရအောင် ကြိုးစားလို့ရှိရင် စိုက်ပျိုးရေးကရတဲ့ ထုတ်ကုန်ပစ္စည်းတွေ နှစ်ဆလောက်တက်လာနိုင်တာရှိတယ်။ မဖြစ်နိုင်ဘူးလို့ တွက်ပေမဲ့ တကယ်လုပ်ရင်ဖြစ်ပါတယ်။ အဲ့ဒီမှာလိုတဲ့ ခုနကပြောတဲ့ မြေရယ်၊ မျိုးရယ်၊ ရေရယ် ဒီဟာကိုပဲ ကျွန်တော်တို့က ဖန်တီးပေးရမှာပဲ။ အဲ့ဒီကအခြေခံတဲ့၊ ထွက်လာတဲ့ဟာတွေကို မွေးမြူရေးလုပ်ငန်းတွေမှာ အများကြီးသုံးလို့ရမယ်။ တိရစ္ဆာန်အစားအစာတွေ အများကြီးဖြစ်လာမယ်။ စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းရှိမယ်။ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း အောင်မြင်လာပြီ ဆိုလို့ရှိရင်၊ ဒီစိုက်ပျိုးရေးနဲ့ မွေးမြူရေးကို အခြေခံတဲ့ စီးပွားရေးလုပ်ငန်းတွေ အများကြီး ပြည်နယ်နဲ့တိုင်းဒေသကြီးတွေမှာ လုပ်လို့ရတယ်။ အဲ့ဒီအပေါ်မှာတစ်ခါ စက်မှုလုပ်ငန်းသွားမယ်ဆိုရင်တော့ လျှပ်စစ်က လိုတာပေါ့။ ပြည်နယ်နဲ့ တိုင်းဒေသကြီးအသီးသီးမှာ မိမိတိုင်းဒေသကြီးနဲ့ ပြည်နယ်အစီအစဉ်နဲ့ National Grid ကမဟုတ်ဘဲ ကိုယ့်ဘာသာကို လျှပ်စစ်ရအောင် ကြိုးစားဆောင်ရွက်မယ်ဆိုလိုရှိရင် အဲ့ဒီ လျှပ်စစ်ထွက်နိုင်တဲ့နေရာတွေမှာ စောစောကပြောတဲ့

ကုန်ထုတ်လုပ်မှုကိုအခြေခံတဲ့ စက်မှုလုပ်ငန်းတွေ ကျွန်တော်တို့ သွားလို့ရတယ်။ မွေးမြူရေးထုတ်ကုန်၊ စိုက်ပျိုးရေးထွက်ကုန်တွေအပေါ် အခြေခံတဲ့ ကုန်ထုတ်လုပ်မှုကိုသွားမယ်ဆိုလို့ရှိရင် ဒေသတွင်းမှာ ပြည်နယ်နဲ့ တိုင်းဒေသကြီးအလိုက် စက်မှုလုပ်ငန်းတွေ၊ စက်မှုဇုန်တွေပေါ်လာမယ်။ ဒါကဘာလဲဆိုတော့ ဖြစ်နိုင်တဲ့နည်းလမ်းကို ကျွန်တော်က ပြောတာပါ။ မဖြစ်နိုင်တာ ကျွန်တော် မပြောပါဘူး။ ပြည်နယ်နဲ့တိုင်းဒေသကြီးတွေကလည်း ကိုယ့်ဒေသအလိုက် စီးပွားရေးဇုန်လေးတွေကို။ ဟိုဘက်အဝေးကလာပြီး ရင်းနှီးမြှုပ်နှံပြီးတော့ လုပ်တဲ့ဟာမျိုးတွေထက်၊ ကိုယ့်ဒေသမှာ ထွက်တဲ့ထုတ်ကုန်ပစ္စည်းကို အခြေခံတဲ့ကုန် ထုတ်လုပ်မှုသွားတာက ပိုပြီးတော့ ကောင်းပါတယ်။ ကျွန်တော် အဲ့ဒါပုသိမ်မှာ တစ်ခါပြောခဲ့ပါတယ်။ ပုသိမ်စက်မှုဇုန်သွားကြည့်ရင်းနဲ့ အထည်ချုပ်လုပ်ငန်းတွေ၊ နိုင်ငံခြားကခေါ်မယ်၊ ပြုမယ်ဆိုတာ။ ဟုတ်ပြီ၊ ဒါကတော့ ဖြစ်နိုင်ပါတယ်။ သို့သော်လည်းပဲ ခင်ဗျားတို့ ဒီမှာဆန်စက်တွေရှိတယ်၊ ပဲတွေစိုက်နေတယ်။ အဲ့ဒီတော့ အဲ့ဒီကနေထွက်တဲ့၊ အခြေခံတဲ့ တန်ဖိုးမြင့်ကုန်တွေထုတ်နိုင်ဖို့ကြိုးစား။ ဟင်းသီးဟင်းရွက်တွေစိုက်၊ မွေးမြူရေးလုပ်ငန်းတွေလုပ်၊ အဲ့ဒီကနေပြီးတော့ တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းတွေ လုပ်မယ်ဆိုလို့ရှိရင် အများကြီးအထောက်အကူရလိမ့်မယ်။ ဒါတွေကို ပြည်နယ်နဲ့တိုင်းဒေသကြီးအလိုက် အကောင်အထည်ဖော်ရန် လိုပါတယ်။”

**အားကစားသမားများအနေဖြင့်လည်း စည်းကမ်းစနစ်တကျနေထိုင်ပြီး စားသောက်နေထိုင်မှု စနစ်တကျရှိရန်လို၊ အားကစားသမားများအနေဖြင့် ကြံ့ခိုင်မှုပိုင်းဆိုင်ရာများနှင့် ကိုယ်ခန္ဓာဖွံ့ဖြိုးမှုများ အားနည်းသည်ကို တွေ့ရှိရ၊ ကိုယ်ခန္ဓာဖွံ့ဖြိုးမှုအတွက် စားသောက်မှုအပိုင်းကို ပြင်ဆင်ရန်လိုအပ်သည်များကို လုပ်ဆောင်ရမည်ဖြစ်၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အားကစားပွဲများ ဆောင်ရွက်ရာတွင်လည်း တိုင်းပြည်အတွက် အကျိုးရှိစေရေး စနစ်တကျဖြင့် စီစဉ်ဆောင်ရွက်ရန်လို။**

**အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလိုအပ်မှု**

အားကစားကဏ္ဍနှင့်ပတ်သက်၍ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မိမိတို့နိုင်ငံ အနေဖြင့် အဆင့် ၇ ရရှိခဲ့ကြောင်း၊ အားကစားပြိုင်ပွဲ သွားရောက်ယှဉ်ပြိုင်မည့် အားကစားသမားများကိုလည်း မိမိကိုယ်တိုင် တွေ့ဆုံအားပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ယခုနှစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အားကစားသမားများအနေဖြင့် အားကြိုးမာန်တက် ကြိုးစားယှဉ်ပြိုင်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ ယခင်သုံးနှစ် ပြိုင်ပွဲမှတ်တမ်းများကို ကြည့်မည်ဆိုပါက ယခုအကြိမ်ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲရလဒ်သည် ယခင်အကြိမ်များထက် ပိုမိုကောင်းမွန်သည်ကို တွေ့ရှိရကြောင်း၊ (၂၉) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အားကစားနည်း ၂၉ နည်း၊ အားကစားသမား ၃၈၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ပြီး ရွှေ ၇ ခု၊ ငွေ ၁၀ ခု၊ ကြေး ၂၀ ခု စုစုပေါင်း ၃၇ ခုရရှိခဲ့ကြောင်း၊ အကြိမ်(၃၀) မြောက်တွင် အားကစားနည်း ၃၁ နည်း၊ အားကစားသမား ၃၅၁ ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေ ၄ ခု၊ ငွေ ၁၈ ခု၊ ကြေး ၅၁ ခု စုစုပေါင်း ၇၃ ခုရရှိခဲ့ကြောင်း၊ (၃၁)ကြိမ်မြောက်တွင် အားကစားနည်း ၂၀၊ အားကစားသမား ၂၈၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ယခင်နှစ်ထက် အားကစားနည်းနှင့် လူဦးရေနည်းပါးခဲ့ကြောင်း၊ သို့သော် ရွှေ ၉ ခု၊ ငွေ ၁၈ ခု၊ ကြေး ၃၅ ခု စုစုပေါင်း ၆၂ ခု ရရှိခဲ့ကြောင်း၊ တိုးတက်မှုရှိလာသည်ဟု ပြော၍ရနိုင်မည်ဖြစ်ကြောင်း၊ အားကစားသည် နိုင်ငံတစ်ခု၏ ဂုဏ်သိက္ခာပင်ဖြစ်ကြောင်း၊ အားကစားမြင့်တင်ရေးအတွက် ငွေကြေးထောက်ပံ့မှု ကောင်းမွန်သည့်နိုင်ငံ၊ အားပေးမှုစဉ်ဆက်မပြတ်သည့်နိုင်ငံ၊ လုံခြုံရေးနှင့် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုရှိသည့် နိုင်ငံများသည် မိမိတို့ထက်သာလွန်သည်ကို တွေ့ရှိရကြောင်း၊ အဆိုပါအချက်မှာ မိမိတို့နိုင်ငံ၏ အခြေအနေကို မီးမောင်းထိုးပြနေခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ငွေကြေးကြွယ်ဝရေးအတွက်ကို ယခုထက်ပိုမိုဆောင်ရွက်ရန်၊ နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိရန်၊ လုံခြုံမှုနှင့်ပဋိပက္ခများမရှိရန် စသည့် အချက်များရှိရန်လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆို ပါက မျိုးချစ်စိတ်ဓာတ်၊ တိုင်းပြည်ချစ်စိတ်များ

ဖြစ်ပေါ်လာပါက ယခုထက်ပိုမို တိုးတက်လာမည် ဖြစ်ကြောင်း။

နိုင်ငံတစ်ခု၏ ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာ မြှင့်တင်ရေးအတွက် အားကစားကို အားပေးရန်လိုကြောင်း၊ လေ့ကျင့်မှုကိုလည်း လုပ်ဆောင်ရမည်ဖြစ်ပြီး လေ့ကျင့်ရေးအထောက်အကူပြုပစ္စည်းများ၊ အားကစားကွင်းနှင့်အားကစားရုံများကို ကောင်းမွန်စွာဖြင့်ဖြည့်တင်းပေးရန် လိုသကဲ့သို့ အာဟာရပြည့်ဝအောင် ကျွေးမွေးရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ အားကစားသမားများအနေဖြင့်လည်း စည်းကမ်းစနစ်တကျနေထိုင်ပြီး စားသောက်နေထိုင်မှု စနစ်တကျရှိရန်လိုကြောင်း အားကစားသမားများအနေဖြင့် ကြံ့ခိုင်မှုပိုင်းဆိုင်ရာများ၊ ကိုယ်ခန္ဓာဖွံ့ဖြိုးမှုများ အားနည်းသည်ကိုတွေ့ရှိရကြောင်း၊ ကိုယ်ခန္ဓာဖွံ့ဖြိုးမှုအတွက် စားသောက်မှုအပိုင်းကို ပြင်ဆင်ရန်လိုအပ်သည်များကို လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အားကစားပွဲများဆောင်ရွက်ရာတွင်လည်း တိုင်းပြည်အတွက် အကျိုးရှိစေရေး စနစ်တကျဖြင့် စီစဉ်ဆောင်ရွက်ရန်လိုကြောင်း၊ အားကစားပြုလုပ်ခြင်းသည် ပြည်သူတစ်ဦးချင်း ကျန်းမာကြံ့ခိုင်ရေးမှသည် နိုင်ငံတကာအားကစားများအထိ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း၊ အားကစားများ ဆောင်ရွက်ရာတွင် အဖြစ်သဘောဆောင်ရွက်ခြင်းမျိုး မပြုလုပ်ဘဲ အောက်ခြေမှအစ ကောင်းမွန်အောင် ကြိုတင်ပြင်ဆင်၍ ဆောင်ရွက်ရန်လိုကြောင်း၊ အားကစားသမားများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဘဝအာမခံချက်များ ရှိစေရေးအတွက်လည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မကြာမီအချိန်တွင်လည်း စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်သွားမည်ဖြစ်သဖြင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ရှိ ရေအားလျှပ်စစ်စက်ရုံများ ပြင်ဆင်ထိန်းသိမ်းမှု လုပ်ငန်းများဆောင်ရွက်ရာတွင် လက်ရှိအခြေအနေ၌ နိုင်ငံခြားသားပညာရှင်များ ငှားရမ်းဆောင်ရွက်လျက်ရှိရာမှ နောင်တွင် မိမိတို့နိုင်ငံမှ အင်ဂျင်နီယာပညာရှင်များဖြင့် အစားထိုးဆောင်ရွက်သွားနိုင်ရေး စီစဉ်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေးအတွက် အင်ဂျင်နီယာနည်းပညာရှင်များ လိုအပ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းများ၊ နည်းပညာကောလိပ်များ၊ နည်းပညာတက္ကသိုလ်များဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (ဗဟိုဝန်ထမ်းတက္ကသိုလ်)များတွင် သင်တန်းများဖွင့်လှစ်သင်ကြားနေခြင်းမှာ နိုင်ငံ့ဝန်ထမ်းကောင်းများ မွေးထုတ်ပေးရန် ရည်ရွယ်ချက်ဖြင့် သင်ကြားပေးနေခြင်းဖြစ်ကြောင်း၊ သင်တန်းများတွင် အခြေခံစစ်ပညာကို ထည့်သွင်းသင်ကြားပေးနေရခြင်းမှာလည်း နိုင်ငံဝန်ထမ်းများ စည်းကမ်းတကျနေထိုင်တတ်သည့်အလေ့အကျင့်ကောင်းများ ရရှိစေရန် သင်ကြားပေးနေခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရအနေဖြင့် ပညာရေးနှင့်ပတ်သက်၍ ပြုပြင်ပြောင်းလဲမှုအဖြစ် KG + 9 ပညာရေးစနစ်ကိုမသင်မနေရအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင်လည်း အဆိုပါပညာရေးစနစ်နှင့်ပတ်သက်၍ ထည့်သွင်းဆွေးနွေး ရှင်းလင်းပြောကြားခဲ့ကြောင်း၊ ယင်းစနစ်သည် ၂၀၁၈ ပြည့်နှစ်က စတင်ခဲ့သည့် နှစ် ၃၀ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းတွင် ပြဋ္ဌာန်းထားပြီး ဖြစ်ကြောင်း၊ KG + 9 သင်ယူပြီးစီးပါက KG + 10 + 11 + 12 မှတစ်ဆင့် အဆင့်မြင့်ပညာရေးသို့ လည်းကောင်း၊ စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း၊ စက်မှုလက်မှုအထက်တန်းကျောင်းအပါအဝင် သက်မွေးပညာသင်ကျောင်းများသို့လည်းကောင်း ဆက်လက်တက်ရောက်သင်ကြားနိုင်ရေးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အဆိုပါသက်မွေးပညာသင်ကျောင်းများ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုကျောင်းများမှတစ်ဆင့် ထူးချွန်

ကျောင်းသားကျောင်းသူများကို သက်ဆိုင်ရာတက္ကသိုလ် ပညာရပ်များ ဆက်လက်သင်ကြားနိုင်ရေး သက်ဆိုင်ရာ ဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်း၍ စီစဉ်ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ပညာရေးနေ့သင်တန်းတက်ရောက်ခြင်းဖြင့် ကျယ်ပြန့်သည့်လူမှုဆက်ဆံရေးအသိုက်အဝန်း တည်ဆောက်နိုင်ပြီး စီမံခန့်ခွဲမှုအပိုင်းတွင် ပိုမိုအားကောင်းသည်ကို တွေ့ရှိရကြောင်း၊ ဥပဒေနှင့်စီးပွားရေးပညာရပ်သည် နိုင်ငံတော်တည်ဆောက်ရေးတွင် အရေးကြီးသည့်ကဏ္ဍတစ်ရပ်ဖြစ်သဖြင့် တက္ကသိုလ်များတွင် အဆိုပါပညာရပ်များနှင့် သက်ဆိုင်သည့်ဘွဲ့၊ ဒီပလိုမာများပေးအပ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ထူးချွန်သူများအနေဖြင့် အဆင့်မြင့်အတန်းများ ဆက်လက်တက်ရောက်သွားနိုင်မည်ဖြစ်ကြောင်း။

ပညာရေးကဏ္ဍတွင် နိုင်ငံရေးရောထွေးမှုမရှိစေရန် အမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်များကိုပြန်လည်သုံးသပ်ပြီး ပြင်ဆင်သင့်သည်များကို ပြင်ဆင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ တက္ကသိုလ်ပညာရေးတွင် နိုင်ငံရေးသိပ္ပံဘာသာရပ်ကို သင်ကြားနိုင်သော်လည်း ပညာရေးနှင့် နိုင်ငံရေးရောထွေး၍မရပါကြောင်း၊ နိုင်ငံရေးဆောင်ရွက်လိုပါက နိုင်ငံရေးနယ်ပယ်သို့ သွားရောက်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

တိုင်းရင်းသားရေးရာဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်သည့်အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားဘာသာစာပေများကို သင်ကြားနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြစ်သည့်အတွက် မူဝါဒအပိုင်းတွင် တစ်မျိုးတည်းဖြစ်ရန် လိုအပ်ကြောင်း၊ မတူညီသည်များကို ပေါင်းစပ်ညှိနှိုင်းရန်လိုအပ်ကြောင်း၊ မြန်မာစာ၊ မြန်မာစကားသည် ပြည်ထောင်စု၏တရားဝင်ရုံးသုံး၊ ကျောင်းသုံးစာပေဖြစ်သဖြင့် နိုင်ငံသားအားလုံးအနေဖြင့် သင်ကြားတတ်မြောက်ထားရမည်ဖြစ်ကြောင်း။

အုပ်ချုပ်ရေးယန္တရားတွင် ခရိုင်ဖွဲ့စည်းမှုကို အဓိကထား စီမံဆောင်ရွက်ရသည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အသစ်ထပ်မံဖွဲ့စည်းထားသည့် ခရိုင်များ အပါအဝင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့်ဒေသအဖွဲ့များတွင် အရေးကြီးသည့်ဌာနဆိုင်ရာရုံးများ အမြန်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရသည့် ဝန်ကြီးဌာနများအနေဖြင့် နှစ်ဘက်ပူးပေါင်း ဆောင်ရွက်ရမည့်ကိစ္စရပ်များတွင် ပညာရေးကဏ္ဍနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကိုပိုမိုအလေးထားဦးစားပေးဆွေးနွေးဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် မှာကြား

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပေးပို့ခဲ့သည့် သဝဏ်လွှာများ

# အလုပ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

# ( ၁ - ၅ - ၂၀၂၂ )

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများ ခင်ဗျား-**

ယနေ့အခါသမယသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းရှိ အလုပ်သမားကြီးများကို အလေးအနက် ဂုဏ်ပြုသည့် အလုပ်သမားနေ့အခါသမယဖြစ်ပါသည်။ ယခုလိုသမိုင်းဝင်အခါသမယတွင် မြန်မာနိုင်ငံရှိ အလုပ်သမားထုကြီးတစ်ရပ်လုံး မြန်မာ့နှစ်သစ်နှင့်အတူ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကောင်းကျိုးလိုရာဆန္ဒများ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

သမိုင်းမှတ်တမ်းများအရ ၁၉ ရာစုတွင် စက်ရုံ အလုပ်ရုံများ၌ အလုပ်သမားများသည် သတ်မှတ်အချိန်ထက် ပိုမိုစေခိုင်းခံရပြီး လုပ်အားရယူ အမြတ်ထုတ်ခံရမှုများအပေါ် အလုပ်သမားများက ၎င်းတို့၏ ရသင့်ရထိုက်သည့် အခွင့်အရေးများရရှိရေးအတွက် ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြုသောအားဖြင့် မေလ ၁ ရက်နေ့ကို ကမ္ဘာ့အလုပ်သမားနေ့အဖြစ် သတ်မှတ်ခဲ့ပြီး မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်ကျင်းပခဲ့ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန် ကြိုးစားဆောင်ရွက်နေချိန်တွင် ကာယ၊ ဉာဏစွမ်းအားဖြင့် ကုန်ထုတ်လုပ်မှုနှင့် စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် အားသွန်ခွန်စိုက် ပါဝင်ထမ်းဆောင်လျက်ရှိသော နိုင်ငံတော်၏ အရေးပါသည့် အင်အားစုကြီးဖြစ်သည့် အလုပ်သမားကြီးများအား အလေးထား အသိအမှတ်ပြုသည့်အနေဖြင့် ဤသဝဏ်လွှာကိုယနေ့ကျရောက်သည့်အလုပ်သမားနေ့တွင် ဂုဏ်ယူစွာဖြင့် ပေးပို့အပ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများ ခင်ဗျား-**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၅)ရပ်အနက် စီးပွားရေးဦးတည်ချက် (၃) ရပ်တွင် တစ်ရပ်အပါအဝင်ဖြစ်သည့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေးဟူသည့် ဦးတည်ချက်အရ ကုန်ထုတ်လုပ်မှု တိုးတက်၍ နိုင်ငံတော်၏ စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်စေရန်သာမက အလုပ်သမားများ အလုပ်အကိုင်ရရှိရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေးနှင့် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှုဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးကိုလည်း အလေးထားဖော်ဆောင်ပေးလျက်ရှိပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်သူတစ်ဦးချင်းစီ၏ စားဝတ်နေရေးပြည့်စုံကောင်းမွန်ပြီး အေးချမ်းစွာနေထိုင်နိုင်ရန်၊ နိုင်ငံတော်၏စီးပွားရေး တိုးတက်လာစေရန်၊ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိစေရန်၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ကျဆင်းခဲ့သည့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ရှင်သန်ဦးမော့လာစေရန်တို့အတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားစုဖန်တီးရှင်များဖြစ်ကြသည့် အလုပ်သမား

ကြီးများ၏အခန်းကဏ္ဍသည် အထူးအရေးပါလှပါကြောင်း အသိပေးဖော်ပြလိုပါသည်။ ပြည်သူလူထု၏ စားဝတ်နေမှု ဖူလုံစေရေးကို အလေးထားဦးစားပေးဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်ကုန်ထုတ်စွမ်းအားစု၏ ဖန်တီးရှင်များဖြစ်ကြသည့် အလုပ်သမားထုကြီး၏ အခန်းကဏ္ဍသည် အထူးအရေးပါလှပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများ ခင်ဗျား-**

ယနေ့ကာလသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်ကျဆင်းခြင်းနှင့်အတူ အလုပ်အကိုင်အခွင့်အလမ်းများ မတည်ငြိမ်မှု၊ အလုပ်သမားဦးရေ လျှော့ချမှုတို့ကို ကမ္ဘာတစ်ဝန်းလုံး ရင်ဆိုင်ကြုံတွေ့နေရသည်ဖြစ်ရာ မြန်မာနိုင်ငံတွင်လည်း အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ညှိနှိုင်း၍ အလုပ်သမားရေးရာကိစ္စရပ်များနှင့် ကြုံတွေ့နေရသည့် အခက်အခဲပြဿနာများကို အလေးထားဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် ကာလတိုအတွင်း အလုပ်အကိုင်များကို ဖန်တီးပေးနိုင်သော ကုန်ကြမ်းယူ ကုန်ချောပေး လက်ခစားစနစ် (Cutting Making Packaging-CMP) လက်ခစားလုပ်ငန်းများကို ပြည်တွင်း၊ ပြည်ပကုမ္ပဏီများမှ ဝင်ရောက်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်လျက်ရှိပြီး CMP လက်ခစားစနစ်ကြောင့် လုပ်သားအခြေပြု အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ခြင်း၊ အရင်းအနှီးနည်းပါးစွာဖြင့် နိုင်ငံတော်အတွက် နိုင်ငံခြားငွေရှာဖွေပေးနိုင်ခြင်း၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေပါသည်။

ထို့အပြင် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေပြီး နည်းပညာ၊ ဈေးကွက်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရန်၊ ရင်းနှီးမြှုပ်နှံမှုအထောက်အပံ့များ ရရှိနိုင်ရန်တို့အတွက် နိုင်ငံတော်အစိုးရက ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိပြီး ယင်းလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာခြင်းမှ တစ်ဆင့် စက်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုကျယ်ပြန့်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတို့တွင် စက်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အားလုပ်ငန်းတို့၌ အများဆုံးရင်းနှီးမြှုပ်နှံလျက်ရှိပြီး ယင်းလုပ်ငန်းများမှလည်း အလုပ်အကိုင်အခွင့်အလမ်းများများစွာဖန်တီးပေးနိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

**ချစ်ကြည်လေးစား အပ်ပါသော အလုပ်သမားကြီးများ ခင်ဗျား-**

လုပ်သားဆိုင်ရာ စာရင်းအင်းအချက်အလက်များကို ရရှိနိုင်စေရန်၊ အလုပ်သမားရေးရာသုတေသနနှင့် လုပ်သားဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းပြုစုရေး ရည်မှန်းချက်နှင့်အညီ လုပ်သားစာရင်းအင်း (Labour Statistics)များ ရရှိနိုင်စေရန်အတွက် ၂၀၁၇ ခုနှစ် မှစ၍ လုပ်သားအင်အား စစ်တမ်းကို တစ်နှစ်လျှင် နှစ်ကြိမ် မြေပြင်ကွင်းဆင်း ကောက်ယူခဲ့ရာ ၂၀၂၀ ပြည့်နှစ်၊ နှစ်စဉ်လုပ်သား အင်အားစစ်တမ်း (ပထမအကြိမ်) အစီရင်ခံစာကို ပြုစုထုတ်ပြန်နိုင်ခဲ့ပြီးဖြစ်ပါသည်။

ယင်းစစ်တမ်းများအရ မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများတွင် အလုပ်လုပ်နိုင်သည့် လူဦးရေအများဆုံးနိုင်ငံ၌ပါဝင်ကြောင်းတွေ့ရှိရပြီး အလုပ်လုပ်နိုင်သူလူဦးရေ ပေါများခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ကြွယ်ဝချမ်းသာရေးတို့အတွက် လူ့စွမ်းအားအရင်းအမြစ် အခြေခံကောင်းရှိနေသည်ကိုလည်း တွေ့ရှိရပါသည်။

မိမိတို့နိုင်ငံကဲ့သို့ လုပ်သားအင်အားပေါများသည့် နိုင်ငံအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာ၌ နိုင်ငံသားများ၏ စိတ်ဓာတ်၊ ယုံကြည်ချက်၊ ခံယူချက်နှင့် အတွေးအခေါ် ကောင်းမွန်မှန်ကန်ရေး၊ အလုပ်ကိုတန်ဖိုးထားစိတ်ရှိရေး၊ အသက်မွေးဝမ်းကျောင်းနှင့် စွန့်ဦးတီထွင်မှုဆိုင်ရာ အသိပညာအတတ်ပညာများ အဆင့်မီမီ တတ်မြောက်နိုင်ရေးစသည့် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ စွမ်းရည်များ ပြည့်ဝစေရန် နိုင်ငံတော်အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားတို့က ပူးပေါင်းညီညာ ဆောင်ရွက်ရမည့် အချိန်အခါဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများ ခင်ဗျား–**

မြန်မာရွှေ့ပြောင်းအလုပ်သမားများ ပြည်ပနိုင်ငံများသို့ လုံခြုံစိတ်ချစွာ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်နိုင်ရန်နှင့် ကာကွယ် စောင့်ရှောက်မှုများ ထိရောက်စွာပေးနိုင်ရန် ထိုင်းနိုင်ငံ၊ ကိုရီးယား သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံတို့နှင့် နည်းပညာအလုပ်သင် သင်တန်းသားဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး စာချွန်လွှာနှင့် ကျွမ်းကျင်လုပ်သားဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှု စာချွန်လွှာများ လက်မှတ်ရေးထိုး ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် ပြည်ပနိုင်ငံများရှိ မြန်မာအလုပ်သမားများကိုလည်း သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေနှင့်အညီ ရပိုင်ခွင့်များ ရရှိခံစားနိုင်စေရန်အတွက် မြန်မာနိုင်ငံသား၊ အလုပ်သမား အရေအတွက် များပြားသည့် ကိုရီးယားသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် အလုပ်သမားအရာရှိများ ခန့်အပ်၍ မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ကာကွယ်စောင့်ရှောက် ပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်အစိုးရသည် "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်" ဆိုသည့် စကားနှင့်အညီ ပြည်တွင်းအားဖြင့် ပြည်တွင်းစီးပွားရေး တိုးတက်မြှင့်တင်နိုင်ရန် ရည်မှန်းချက်ထား၍ အားသွန်ခွန်စိုက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ရာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့်အခန်းကဏ္ဍမှပါဝင်သော အလုပ်သမားကြီးများ၏ အင်အား၊ ကျွမ်းကျင်မှုနှင့် ပူးပေါင်းပါဝင်မှုသည် များစွာအရေးကြီးပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများ ခင်ဗျား–**

နိုင်ငံတော်၏ အဓိကကုန်ထုတ်စွမ်းအားဖြစ်သည့် အလုပ်သမားများ၏ လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုခံစားရရှိနိုင်အောင် နိုင်ငံတစ်ဝန်းရှိ အာမခံ အလုပ်သမားများအား အလုပ်သမားဆေးရုံကြီး (၃) ရုံနှင့် လူမှုဖူလုံရေး ဆေးခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ငွေကြေးအကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကိုဗစ်–၁၉ ကပ်ရောဂါကာလအတွင်း စက်ရုံ၊ အလုပ်ရုံများမှ အာမခံ အလုပ်သမားများအတွက် လူမှုဖူလုံရေးထည့်ဝင်ကြေးပေးသွင်းသည့်ကာလကို ပြင်ဆင်ခြင်း၊ အလုပ်လက်မဲ့ဖြစ်ပွားနေစဉ်အတွင်း မကျန်းမာမှုငွေကြေးအကျိုးခံစားခွင့်၊ ဆေးဖိုးနှင့်ခရီးစရိတ်များကို ကာလတိုးမြှင့်ခံစားခွင့်ပြုခြင်း၊ ကိုယ်ဝန်ဆောင်အာမခံအလုပ်သမားများနှင့် Quarantine ဝင်ရသည့် အာမခံအလုပ်သမားများကို ငွေကြေးအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်းတို့ဖြင့် အလုပ်သမားအကျိုးကို ရှေးရှုဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများနှင့် လုပ်ငန်းခွင်များမှ အလုပ်ရှင်များနှင့် အလုပ်သမားများအား ကိုဗစ်–၁၉ ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်နှင့် ကုန်ထုတ်လုပ်မှု အရှိန်အဟုန်မပြတ်စေရန် ရည်ရွယ်၍ စက်ရုံ၊ အလုပ်ရုံ အများဆုံးရှိသည့် ရန်ကုန်၊ မန္တလေး၊ ဧရာဝတီနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ အလုပ်သမားများကို ကိုဗစ်–၁၉ကပ်ရောဂါကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး ကျန်တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဆက်လက်၍ ကိုဗစ်–၁၉ ကပ်ရောဂါ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများ ခင်ဗျား–**

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်ခြင်းကြောင့် မိသားစုစားဝတ်နေရေးကို အထောက်အကူပြုမည့် လုပ်ငန်းများတွင် လုပ်ကိုင်လျက်ရှိသော အသက် (၁၈) နှစ်အောက် ကလေးများလည်း အလုပ်လုပ်ကိုင်နိုင်ရန်ရည်ရွယ်ပြီး အသက်(၁၈)နှစ်အောက် ကလေးများအတွက် တားမြစ်ထားသည့်ဘေးအန္တရာယ်ဖြစ်စေသော လုပ်ငန်းအမျိုးအစားများနှင့် လုပ်ငန်းခွင်များစာရင်း အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်၊ အလုပ်ဌာနများ ပုံမှန်လည်ပတ်လုပ်ကိုင်နိုင်ရေးနှင့် ထုတ်လုပ်မှုလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး၊ အလုပ်သမား၊ အလုပ်ရှင်များဝင်ငွေရရှိပြီး နိုင်ငံခြားဝင်ငွေများ တိုးတက်ရရှိစေရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများပါဝင်သောအဖွဲ့သည် ကိုဗစ်–၁၉ ကပ်ရောဂါ ကာကွယ်ရေးညွှန်ကြားချက်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာညွှန်ကြားချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်

စေရေးကို ကြပ်မတ်စစ်ဆေး ဆောင်ရွက်လျက်ရှိပါသည်။

လုပ်ငန်းခွင်အေးချမ်းသာယာစေရေးနှင့် ကုန်ထုတ်လုပ်မှု တိုးတက်ရေးတို့အတွက် လုပ်ငန်းခွင်ဆိုင်ရာ အငြင်းပွားမှုများလျော့နည်းစေရေးသည် အရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်ခြင်းကြောင့် လုပ်ငန်းများတွင်ဖြစ်ပွားသော အငြင်းပွားမှုများနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် အလုပ်ရှင်နှင့် အလုပ်သမားကိုယ်စားလှယ်များပါဝင်သော အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) များ၊ အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားကိုယ်စားလှယ်များပါဝင်သော မြို့နယ်ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့များ၊ တိုင်းဒေသကြီး / ပြည်နယ်ခုံသမာဓိအဖွဲ့များနှင့် ခုံသမာဓိကောင်စီတို့ကို ဖွဲ့စည်းထားရှိပြီး အငြင်းပွားမှုများကို မျှမျှတတနှင့်သမာသမတ် ဖြင့် နှစ်ဦးနှစ်ဖက်အကျိုးဖြစ်စေရေး ဆောင်ရွက်လျက်ရှိပါသည်။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသောအခန်းကဏ္ဍမှပါဝင်နေကြသည့် မြန်မာအလုပ်သမားထုကြီးတစ်ရပ်လုံး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ကြပါစေ၊ လုပ်ငန်းခွင်တွင် ဘေးကင်းလုံခြုံကြပြီး အေးချမ်းသာယာကြပါစေ၊ အလုပ်ရှင်၊ အလုပ်သမားများ ညီညွတ်မျှတသော စုပေါင်းစွမ်းအားဖြင့် ကုန်ထုတ်စွမ်းအား တိုးတက်မြင့်မားအောင် စွမ်းဆောင်နိုင်ကြပါစေ၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အမျိုးသားအကျိုးစီးပွားကို ထိရောက်စွာ အထောက်အကူပြုနိုင်ကြပြီး နိုင်ငံတော်၏ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်စေရေး ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

■ ■ ■